# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (20-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငွေး၊ ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ချစ်သားတို့ဆင်နွှဲခဲ့သည့် နောင်ချိုမြို့သိမ်းအောင်ပွဲ

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် လူသိများထင်ရှားသည့် နောင်ချိုမြို့သည် သဘာဝအလှများဖြင့် အေးချမ်းသာယာပြီး တိုးတက်မှုအရှိန်အဟုန်မြင့်မားသည့်မြို့တစ်မြို့ဖြစ်သည်။ သို့ရာတွင် ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့် ကျီးအာသီးခေါင်းစဉ်ဖြင့် TNLA အဖွဲ့၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းသာယာသည့်နောင်ချိုမြို့ကို ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစတင်၍ မြို့နှင့် မြို့လုံခြုံရေးဆောင်ရွက်နေသော တပ်ရင်းတပ်ဖွဲ့များကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကာ ဒေသခံပြည်သူအားလုံးကို ပိုင်ဆိုင်သည့်စည်းစိမ်ဥစ္စာမှန်သမျှ စွန့်ခွာထွက်ပြေးအောင် ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့ကြသည်။

နောင်ချိုမြို့ကို ယာယီထိန်းချုပ်ထားရှိပြီး စစ်ရေးအရှိန်မြှင့်တင်လာသည့် TNLA အဖွဲ့၊ MDY-PDFနှင့် ခနေ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော တပ်မတော်သားများက လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူ၊ မြေပြင်ဝေဟင် ဟန်ချက်ညီပေါင်းစပ်ပြီး ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းစစ်ဆင်ရေးဖြင့် အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ချေမှုန်း အနိုင်ယူခဲ့သည်။ တပ်မတော်သားများက ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းတိုက်ခိုက်ခဲ့မှုကြောင့် စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး အကြိမ် ၂၀၊ ထိတွေ့မှုပေါင်း ၅၆၆ ကြိမ် ဖြစ်ပွားခဲ့ရာ ရန်သူ့ထံမှ အလောင်း ၁၇၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၆၆ လက်၊ ဆက်စပ်ပစ္စည်းများစွာ သိမ်းပိုက်ရရှိခဲ့သည်။ ထိုသို့ တပ်မတော်စစ်ကြောင်းများ၏ အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ် ပြောင်မြောက်သည့်ရဲစွမ်းသတ္တိတို့၏ဒဏ်ကို အကြမ်းဖက်သမားများ ဆက်လက်ခုခံနိုင်ခြင်းမရှိတော့သဖြင့် ထိခိုက်ကျဆုံးမှုအတုံးအရုံး၊ ကစဥ့်ကလျားကြောက်လန့်တကြား သေပြေးရှင်ပြေး ဆုတ်ခွာထွက်ပြေးခဲ့သဖြင့် အကြမ်းဖက်သမားများ၏ တစ်မွန်းတည့်ကောင်းစားမှု နိဂုံးချုပ်သွားကာ နောင်ချိုမြို့တစ်မြို့လုံးကို ဇူလိုင် ၁၆ ရက် မွန်းတည့်ချိန်တွင် တပ်မတော်က ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ယခုကဲ့သို့ နောင်ချိုမြို့သိမ်းတိုက်ပွဲကာလမတိုင်မီ နိုင်ငံရေးခံယူချက်မတူညီမှုကြောင့် တပ်မတော်ကို မထောက်ခံသူ လူနည်းစုဖြစ်သော အရပ်သားပြည်သူအချို့နှင့် နေအိမ်၊ ဥစ္စာပစ္စည်းများ စွန့်ခွာတိမ်းရှောင်ကြရသည့် ဒေသခံများသည် TNLA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ လက်အောက်ရောက်ပါက လူမှုစီးပွားဘဝတစ်ခုလုံး နာလန်မထူနိုင်ဘဲ စည်းလွတ်ဝါးလွတ်ဖြင့် မဟာဒုက္ခတွင်းဆုံးကျအောင် လူစဉ်မမီဖြစ်ရမည့်အရေး လက်တွေ့သဘောပေါက်လာကြသည်။ ထို့အတွက် တပ်မတော်အပေါ် စိတ်အားထက်သန်စွာ ပင်ကိုစိတ်ဆန္ဒဖြင့် အားပေးထောက်ခံမှုပြုလာကြပြီး မြေပြင်သတင်းရရှိမှုများကို နီးစပ်ရာတပ်မတော်စစ်ကြောင်းများထံသို့ ယုံကြည်စွာသတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်လာသည်မှာ စည်းလုံးညီညာ မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။

တပ်မတော်သားများအပါအဝင် သက်ရှိလူသားတိုင်းသည် ဘဝသက်တမ်းကာလအတွင်း တစ်ချိန်ချိန်တွင် သေဆုံးရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ မည်သည့်အချိန်သေမည်မှန်း မသိသောကာလအတွင်း နောက်ဆုံးထွက်သက်အထိ မိမိအကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အသက်ကိုပင်ပဓာနမထားဘဲ ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်နေကြသော ပြည်ချစ်သားဇာနည် တပ်မတော်သားများသည် မည်သည့်အချိန်မဆို သေရသည်ဖြစ်စေကာမူ လူ့ပြည်မှာ လူဖြစ်ရကျိုးနပ်ခဲ့သူများပင်ဖြစ်သည်။ ယခု နောင်ချိုဒေသ၏လုံခြုံရေး၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံခိုင်မာရေးကို စွန့်လွှတ်စွန့်စားစိတ်ဖြင့် ရှပ်ရှပ်ချွံချွံဆောင်ရွက်ခဲ့သည့် တိုက်ပွဲဝင်တပ်မတော်သားများအားလုံး၏ စွမ်းဆောင်ချက်များသည် လူ့ပြည်မှာလူဖြစ်ရကျိုးနပ်အောင် အများအကျိုးအတွက် စွမ်းဆောင်ချက်များဖြစ်သည့်အပြင် နိုင်ငံ့အတွက်၊ ပြည်သူ့အတွက်၊ တပ်မတော်အတွက် ဂုဏ်ယူလေးစားဖွယ် စံနမူနာပြုလုပ်ရပ်များပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ပလာတူးငါးခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန်လအတွင်းက ပလာတူးငါးခြောက် ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၈၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက် ပလာတူးငါးခြောက်တွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ပလာတူးငါးခြောက်တွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ငါးခြောက်တွေကိုလဲ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက် လည်ပတ်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိတာပေါ့"ဟု ဖျာပုံမြို့နယ် ငါးခြောက်အမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ကျော်ကျော်လင်း

## နောင်ချိုမြို့နယ်တွင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နေရပ်စွန့်ခွာပြည်သူများကို ရိက္ခာပစ္စည်းများနှင့် ဆိုလာမီးအိမ်များ ပေးအပ်ပွဲကျင်းပ



မန္တလေး ဇူလိုင် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နေရပ်စွန့်ခွာပြည်သူများကို ရိက္ခာပစ္စည်းများနှင့် ဆိုလာမီးအိမ်များ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ ပြင်ဦးလွင် တပ်နယ်မှူးနှင့် တပ်မတော်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောက်မဲ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်း တပ်မတော်သားများ၏ စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းဆောင်ရွက်မှုဖြင့် တည်ငြိမ်အေးချမ်းမှုရရှိလာကာ လုံခြုံရေးအခြေအနေများကောင်းမွန်လာပြီဖြစ်ကြောင်း၊ နေရပ်စွန့်ခွာပြည်သူများအနေဖြင့် မိမိနေရပ်သို့ ပြန်လည်နေထိုင်ခွင့်ရရှိပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်၍ပုံမှန်အတိုင်းလည်ပတ်နိုင်ရေး ဌာနအလိုက် တာဝန်ကျေပွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် လုံခြုံရေးအဖွဲ့များမှ တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့်တာဝန်ရှိသူများက စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နေရပ်စွန့်ခွာခဲ့ရသည့် ဒေသခံပြည်သူများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးအပ်သော ဆန်အိတ် ၁၀၀၀၊ ဆီ ပိဿာ ၅၀၀၊ ဆား ပိဿာ ၂၀၀၊ ပဲ ပိဿာ ၂၀၀၊ ငရုတ်သီးခြောက် ပိဿာ ၅၀၊ ငါးပိ ပိဿာ ၂၀၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀၀၊ ဆိုလာမီးအိမ်အလုံး ၃၀ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဝက်လက် ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၄၂၂၅ ဧက စိုက်ပျိုးရန် အတွက်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကို ယခုနှစ်မေလမှ စတင်၍စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၃၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားများသို့ တက်ရောက်




**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားများသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့်ရောဝတီကမ်းနားလမ်းတွင် ကျင်းပသည့် ဧရာဝတီမြစ်အတွင်း မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့တက်ရောက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကရဝိတ်ရေပေါ်ယာဉ်မှ ဧရာဝတီမြစ်အတွင်း ငါးခုံးမ၊ ငါးမြစ်ချင်း စုစုပေါင်း ငါးကောင်ရေ ငါးသိန်းကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပေါ့စေရေး၊ မိုးခေါင်ရေရှားပါးမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ ပြည်သူများသစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့်စိတ်ဓာတ် ဖြစ်ပေါ်လာပြီး သစ်ပင်စိုက်ပျိုးတတ်လာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)နှင့်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းအတွင်း ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ သတ်မှတ်နေရာတွင် နှစ်ပေအမြင့်ရှိ ခရေပင်ကို စတင်စိုက်ပျိုးပေး၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် အတူတကွ စိုက်ပျိုးကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ဦးရေ ၆၀၀ ခန့်ဖြင့်စုပေါင်းစိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ ကြောင်း၊ ဇူလိုင် ၁၈ ရက် အခမ်းအနားတွင် ခရေ၊ မည်စည်၊ တမာ၊ သရက်နှင့် ပန်းအလှပင် စသည့် သစ်မျိုး ငါးမျိုး စုစုပေါင်းအပင်အရေအတွက် ၇၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၆၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၆၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်းဧက ၁၁၅၂၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ နှမ်း ၁၁၆၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကဝမြို့နယ် ဂွကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကဝ ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဂွကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ဂွကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇ သန်းဖြင့် ၂၀၂၅ ခုနှစ် မေလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ပြောပြ၍ သိရသည်။

**သုတ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်မေလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေအပါအဝင် တင်ပို့ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာ များပါတယ်။ ဆန်ကွဲတွေကို ပြီးခဲ့တဲ့ဇွန်လအတွင်း ဝယ်လိုအား သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်း၊ ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အောင်မြင်စေမည့် စီးပွားရေးလုပ်ငန်းစီမံချက်

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများတွင် အများစုဖြစ်သော လုပ်ငန်းငယ်များအတွက် အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းစီမံချက် Business Plan နှင့် ငွေကြေးစီမံခန့်ခွဲမှုအတွက် မရှိမဖြစ်လိုအပ်သော ရငွေ၊ ပေးငွေစာရင်းဇယားအကြောင်း တင်ပြလိုပါသည်။ စီးပွားရေးလုပ်ငန်းငယ်များ တိုးတက်အောင်မြင်ရေးအတွက် အခြေခံလိုအပ်ချက်များစွာ ရှိကြပါသည်။ ထိုအထဲမှ အခြေခံအချက်တချို့ကို တင်ပြရမည်ဆိုပါက ပထမဦးစွာ လုပ်ကိုင်သင့်သည့် ကိစ္စသည် လုပ်ငန်းစီမံချက်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ထိုအချက်အပြင် ဈေးကွက်လိုအပ်ချက်ကို နားလည်ရန်အတွက် ဈေးကွက်သုတေသနလုပ်ငန်း၊ ထိရောက်သော ငွေကြေးစီမံခန့်ခွဲမှု၊ အရည်အသွေးကောင်းမွန်သော ဝန်ထမ်းများနှင့် လုပ်သားများ၊ ဖောက်သည်များနှင့်ဆက်ဆံရေး၊ နည်းပညာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စိတ်ရှည်ခြင်းနှင့် လုံ့လရှိခြင်းတို့ဖြစ်ပါသည်။ ထိုအချက်များအပြင် လုပ်ငန်းရှင်အနေဖြင့် ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပြောင်းလွယ်၊ ပြင်လွယ်ဖြစ်ခြင်း Adaptability ဟူသည့် အရည်အချင်းလည်း ရှိရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် အများဆုံးမြင်တွေ့ရသော လုပ်ငန်းများသည် မိရိုးဖလာလုပ်ငန်းများဖြစ်သည်။ ထိုလုပ်ငန်းများကို လက်ဆင့်ကမ်းလုပ်ကိုင်ရင်း တိုးတက်လာကြသည်ကို တွေ့နိုင်ပါသည်။ သို့သော် ထိုလုပ်ငန်းငယ်များကို ခေတ်နှင့်အညီ စည်းကမ်းတကျ တွေးတောစီမံလိုသည့်လုပ်ငန်းများအတွက်လည်းကောင်း၊ လုပ်ငန်းအသစ်များအတွက်လည်းကောင်း ဆောင်ရွက်ရမည့်အချက်များကို ဖော်ပြသွားလိုပါသည်။

**ဈေးကွက်သုတေသန**

ဈေးကွက်သုတေသနသည် လုပ်ငန်းကထုတ်လုပ်မည့် သို့မဟုတ် ရောင်းချမည့် ကုန်ပစ္စည်းများ၏ ဈေးကွက်တွင်ရင်ဆိုင်ရမည့် အခြားသော အမျိုးအစားတူ ကုန်ပစ္စည်းများ၊ ယှဉ်ပြိုင်ရမည့် အခြားလုပ်ငန်းများ၊ တွေ့ကြုံရမည့် ဖောက်သည်နှင့် စားသုံးသူများ၊ အဆိုပါဒေသ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ စသည်တို့အကြောင်းကို လေ့လာသုံးသပ်ခြင်းဖြစ်ပါသည်။ မိမိရောင်းချမည့်ကုန်ပစ္စည်းသည် မည်သူ့အတွက်ဖြစ်သည်၊ မည်သည့် ရာသီဥတုအတွက်ဖြစ်သည်၊ မည်သည့် အသက်အရွယ်အတွက်ဖြစ်သည် စသည်ဖြင့် အသေးစိတ်စဉ်းစားထားပြီး ဈေးကွက်ဖော်ဆောင်မည့်နေရာဒေသတွင် အဆိုပါစားသုံးသူများ မည်မျှရှိမည်၊ ထိုသူတို့သည် မည်သည့် စားသောက်မှုပုံစံမျိုးရှိသည်။ မည်သို့သော အလေ့အထများရှိသည် စသည်တို့ကိုလေ့လာရပါသည်။ ဈေးကွက်သုတေသနကို ဆောင်ရွက်ရာတွင် ဈေးကွက်ရှိ စားသုံးသူများအခြေအနေ၊ ထိုဈေးကွက်တွင် မိမိထက်အရင်ရောက်ရှိပြီးသော ပြိုင်ဘက်လုပ်ငန်းများအခြေအနေ၊ ဈေးကွက်ဝေစုရရှိရေးအတွက် လိုအပ်သော နည်းလမ်းများ၊ ထပ်မံတိုးမြှင့်လာနိုင်သည့် ပြိုင်ဘက်လုပ်ငန်းများအခြေအနေ စသည်ဖြင့် လေ့လာကြည့်ရမည်ဖြစ်ပါသည်။ ထိုသို့ လေ့လာပြီး မိမိကုန်ပစ္စည်းအတွက် ရောင်းချမှုအမှတ်အသားအဖြစ် ထူးခြားသည့်ရောင်းအားမြှင့်တင်မှုမျိုးကိုလည်း ကြိုတင်စီစဉ်ထားရန်လိုအပ်ပါသည်။ ဤနေရာတွင် ထူးခြားသည့်ရောင်းအားမြှင့်တင်မှုကို အနည်းငယ်ရှင်းလင်းလိုပါသည်။ မိမိလုပ်ငန်းအတွက် သို့မဟုတ် ရောင်းကုန်အတွက် ထူးခြားသည့် အားသာချက်တစ်ခုကို ထည့်သွင်းခြင်းမျိုးဖြစ်ပါသည်။ အခြားသော လုပ်ငန်းပြိုင်ဘက်များနှင့်မတူသည့် ထူးခြားသော အခြေအနေတစ်ခုပြုလုပ်ပေးခြင်းမျိုးဖြစ်ပါသည်။ ဤသို့ ထူးခြားချက်တစ်ခု ပါဝင်အောင်ပြုလုပ်ပေးခြင်းဖြင့် မိမိကုန်ပစ္စည်းကို ပိုမိုဝယ်သင့်သည်ဟု ဖောက်သည်ကိုယုံကြည်လာစေပါသည်။ ထူးခြားသည့်ရောင်းအားမြှင့်တင်မှုကောင်းတစ်ခု၏ လက္ခဏာများမှာ ထူးခြားပြီးပြိုင်ဘက်ကင်းခြင်း၊ ဖောက်သည်အပေါ် အကျိုးသက်ရောက်မှုရှိခြင်း၊ တိကျခိုင်မာခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ မှတ်မိလွယ်ခြင်း စသည့်အချက်များဖြစ်ပါသည်။ ထူးခြား

> ❖ဈေးကွက်သုတေသနကိုဆောင်ရွက်ရာတွင် ဈေးကွက်ရှိစားသုံးသူများအခြေအနေ၊ ထိုဈေးကွက်တွင် မိမိထက်အရင်ရောက်ရှိပြီးသော ပြိုင်ဘက်လုပ်ငန်းများအခြေအနေ၊ ဈေးကွက်ဝေစုရရှိရေးအတွက် လိုအပ်သောနည်းလမ်းများ၊ ထပ်မံတိုးမြှင့်လာနိုင်သည့် ပြိုင်ဘက်လုပ်ငန်းများအခြေအနေ စသည်ဖြင့် လေ့လာကြည့်ရမည် ဖြစ်ပါသည်။ ထိုသို့လေ့လာပြီး မိမိကုန်ပစ္စည်းအတွက် ရောင်းချမှုအမှတ်အသားအဖြစ် ထူးခြားသည့်ရောင်းအားမြှင့်တင်မှုမျိုးကိုလည်း ကြိုတင်စီစဉ်ထားရန်လိုအပ်ပါသည်။❖

သည့်ရောင်းအားမြှင့်တင်မှုကို လုပ်ငန်းအတွင်း မည်သည့်ဈေးကွက်အခြေအနေတွင် ထည့်သွင်းသင့်သည်ကို ရွေးချယ်မည်ဆိုပါက ပြိုင်ဆိုင်မှုပြင်းထန်သော ဈေးကွက်များ၊ ဖောက်သည်များကို ဆွဲဆောင်လိုခြင်း၊ ဈေးကွက်ရှာဖွေမှုကို ပိုမိုမြန်ဆန်ထိရောက်လိုခြင်းနှင့် လုပ်ငန်းတိုးတက်မှုကို အထောက်အကူပြုလိုခြင်း စသည့်အခြေအနေများတွင် ထည့်သွင်းသင့်ပါသည်။

**ငွေကြေးစီမံခန့်ခွဲမှု**

ငွေကြေးစီမံခန့်ခွဲမှုသည် အခြေခံနှင့် အရေးကြီးဆုံးတစ်ခုတွင် ပါဝင်သည်။ ငွေကြေးသည် လုပ်ငန်းလည်ပတ်ရန်အတွက် အဓိကကျပြီး၊ အကျိုးအမြတ်ဖြင့် ရပ်တည်ရမည့်လုပ်ငန်းငယ်များအတွက်ရှိသည့် ငွေကြေးကို စီမံခန့်ခွဲပြီး တိုးတက်အောင်၊ အမြတ်ရရှိအောင်လုပ်ကိုင်နိုင်ရန် လိုအပ်လှပါသည်။ ထို့ကြောင့် ငွေကြေးစီမံခန့်ခွဲခြင်းနှင့်ငွေကြေးဆိုင်ရာစာရင်းဇယားများကိုနားလည်ရန် မဖြစ်မနေရေးဆွဲထားရန် လိုအပ်ပါသည်။ ငွေကြေးအရင်းအနှီး၊ ရငွေများ၊ ပေးငွေများ၊ ငွေလက်ကျန်များ၊ အကြမ်းအမြတ်များနှင့် အသားတင်အမြတ်များ စသည်တို့ကို နားလည်နေရန်လိုအပ်ပါသည်။ လုပ်ငန်းရှင်တချို့သည် အကြမ်းအမြတ်များကို အသားတင်အမြတ်ဟု ယူဆပြီးလုပ်ငန်းကို ပြုပြင်ပြောင်းလဲခြင်း၊ ပြန်လည်သုံးသပ် ပြင်ဆင်ခြင်းမရှိသဖြင့် လုပ်ငန်းရှုံးတတ်ပါသည်။ ထို့ကြောင့် လုပ်ငန်းသည် အမှန်တကယ် အောင်မြင်သည်၊ အကျိုးအမြတ်ရှိသည် ဆိုသည်ကို အမြဲမပြတ် သုံးသပ်ပြင်ဆင်နေရန်လိုအပ်ပါသည်။ ရောင်းဈေးနှုန်းများကအစ သုံးသပ်ဆင်ခြင်နေရန် လိုအပ်ပါသည်။ ထို့ကြောင့် ရငွေများ၊ ပေးငွေ၊ သုံးငွေများနှင့် အမှန်တကယ်ငွေလက်ကျန်များကို စာရင်းရေးဆွဲမှတ်တမ်းထားခြင်းဖြင့် လုပ်ငန်းအောင်မြင်မှုကို ပြန်လည်သုံးသပ်နိုင်မည်ဖြစ်ပါသည်။ လိုအပ်ပါက အမြန်ပြင်ဆင်ခြင်းဖြင့် အများအပြားအရှုံးပေါ်ခြင်းကို ရှောင်လွှဲနိုင်မည်ဖြစ်ပါသည်။

**အရည်အသွေးကောင်းမွန်သော ဝန်ထမ်းနှင့် လုပ်သားများ**

လုပ်ငန်းငယ်များအတွက် ဝန်ထမ်းနှင့်လုပ်သားသည် အနည်းငယ်သာလိုအပ်မည်ဖြစ်ပါသည်။ လုပ်ငန်းရှင်ကိုယ်တိုင်လည်း စီမံခန့်ခွဲသူအနေဖြင့် လုပ်ကိုင်တတ်သည်။ မည်သို့ပင်ဖြစ်စေ နည်းနည်းနှင့် ကျဲကျဲလုပ်ကိုင်နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်သော ဝန်ထမ်းနှင့်လုပ်သားများဖြစ်စေရန် လိုအပ်ပါသည်။ လုပ်ငန်းနှင့်စိမ်းသောအလုပ်သင်ဝန်ထမ်းမျိုးကို လုပ်ငန်းနားလည်လာစေရန်၊ လေ့ကျင့်သင်ကြားပေးရန် လိုအပ်သကဲ့သို့ ရှိပြီးဝန်ထမ်းနှင့် လုပ်သားများကိုလည်း လုပ်ငန်းလိုအပ်ချက်အရ ပြုပြင်ပြောင်းလဲမှုနှင့်အညီ ကျွမ်းကျင်လာစေရန် လေ့ကျင့်ပေးရမည်ဖြစ်သည်။ ယုံကြည်စိတ်ချရသော လုပ်သားများအဖွဲ့အစည်းငယ်တစ်ခုအဖြစ် ဖန်တီးနိုင်ရန်လိုအပ်ပါသည်။ မှန်ကန်သော လုပ်အားနှင့်ညီသော လုပ်ခလစာသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ အခြားသော ခံစားခွင့်များကိုလည်း လိုက်လျောညီထွေပေးနိုင်ရန် လိုအပ်သည်။

**ဖောက်သည်များနှင့် ဆက်ဆံရေး**

ဖောက်သည်များ၊ ဝယ်သူများ၏ တုံ့ပြန်မှု Feed back ကို အစဉ်နားထောင်ပြီး ဝယ်ယူသူများ စိတ်ကျေနပ်မှုရရှိအောင် အဆက်မပြတ်မြှင့်တင်နေရမည်ဖြစ်ပါသည်။ ကြော်ငြာများထဲတွင် လူအချင်းချင်းကောင်းသတင်း၊ ဆိုးသတင်းဖြန့်ဝေခြင်းက အလွန်မြန်ဆန်သည့်ကြော်ငြာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ဝယ်ယူသူများ၏ တုံ့ပြန်မှုများ၊ သတင်းစကားများကို အထူးသတိထား ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ဖောက်သည်များနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းသည် အလွန်ကြီးမားသောအောင်မြင်မှုတစ်ခုဖြစ်ပါသည်။ ဆက်ဆံရေးကောင်းမွန်လျှင် ကုန်ပစ္စည်းရောင်းချမှုတွင် တစ်ဝက်ရောင်းပြီးသကဲ့သို့ရှိသည်။ တစ်ခါလာသည့်ဝယ်ယူသူကို မကြာခဏလာအောင် ဆက်ဆံရေးကောင်းမွန်ရမည်၊ မကြာခဏလာသော ဖောက်သည်ကို အမြဲလာအောင် ဆက်ဆံရေးကောင်းမွန်ရမည်၊ အမြဲလာရောက်ဝယ်ယူသော ဖောက်သည်ကို သစ္စာရှိဖောက်သည်ဖြစ်အောင် ဆက်ဆံရေးကောင်းမွန်ရမည်ဟု ဆိုချင်ပါသည်။ ဆက်ဆံရေးကောင်းမွန်ခြင်းသည် ဝယ်ယူသူအတွက် အကောင်းဆုံးသောဝန်ဆောင်မှုပေးခြင်းနှင့် အကောင်းဆုံးသောကြော်ငြာဖြစ်သည်။

**နည်းပညာ**

ယနေ့ခေတ်သည် ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ TV Program များဖြင့် ကြော်ငြာခြင်းအစား ဆိုရှယ်မီဒီယာများ၊ ဝဘ်ဆိုက်နှင့် အီးမေးလ်များ စသည့် ဒီဂျစ်တယ်ကိရိယာများဖြင့် လုပ်ငန်းကိုမြှင့်တင်ရမည်ဖြစ်ပါသည်။ ထို့ပြင် ဆိုင်ဖွင့်ရောင်းချခြင်းအပြင် အွန်လိုင်းမှရောင်းချခြင်းနည်းလမ်း e-commerce ကိုလည်း ထူထောင်နိုင်ရန်လိုအပ်ပါသည်။ ယခုနောက်ဆုံးပေါ် ဉာဏ်ရည်တုနည်းပညာ AI ကို လိုက်မီရန် လေ့လာထားရန် လိုအပ်ပါသည်။ နည်းပညာကျွမ်းကျင်သူသည် ယနေ့ခေတ်တွင်ပိုမို၍ အောင်မြင်နိုင်ပါသည်။ နည်းပညာသုံးခြင်း၊ ဆိုရှယ်မီဒီယာများသုံးခြင်းဖြင့် ကုန်ကျစရိတ်နည်းနည်းနှင့် အောင်မြင်မှုကို လျင်လျင်မြန်မြန်ရရှိနိုင်ကြပါသည်။ အချို့ အွန်လိုင်းမှဈေးရောင်းရင်း ထင်ရှားသူများဖြစ်လာပြီး ရောင်းအားပိုမိုကောင်းစေရန် ကြော်ငြာပေးရသူများဖြစ်လာကြသည်။ ထို့ကြောင့် ခေတ်မီနည်းပညာများကို လုပ်ငန်းမည်မျှငယ်သည်ဖြစ်စေလေ့လာအသုံးချနိုင်ရန်လိုအပ်ပါသည်။ ဆိုရှယ်မီဒီယာများမှတစ်ဆင့် ကမ္ဘာအနှံ့ကျော်ကြားထင်ရှားသည့် စီးပွားရေးလုပ်ငန်းဖြစ်လာနိုင်ပါသည်။

**ပြောင်းလွယ်ပြင်လွယ်ရှိခြင်း**

လုပ်ငန်းတစ်ခုတွင် ခိုင်မြဲရန်၊ တည်ငြိမ်ရန်လိုအပ်သော်လည်း ဈေးကွက်နှင့်အညီပြောင်းလဲရန်နှင့် ဖောက်သည်လိုအပ်ချက်များကို လိုက်လျောညီထွေဖြစ်အောင် ပြောင်းနိုင်ရန်လည်း လိုအပ်ပါသည်။ ဈေးကွက်အခြေအနေနှင့်လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက်လည်းကောင်း၊ ပြောင်းလွယ်၊ ပြင်လွယ်ဖြစ်ရေးရှိရန် လိုအပ်ပါသည်။ ပြောင်းလွယ်၊ ပြင်လွယ်ဖြစ်ရန်လိုအပ်သည်ဆိုသော်လည်း မူလမျှော်မှန်းချက်၊ ဦးတည်ချက်များမှ လမ်းကြောင်းလွဲမသွားရန်လည်း သတိပြုရမည်ဖြစ်ပါသည်။ လက်ရှိဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် ဈေးကွက်ရှိအခြေအနေများကို လိုက်လျောညီထွေဖြစ်ရန်အတွက် အထူးသတိပြုရမည်ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်ရန်အတွက် အထူးသတိပြု၍ ပြင်ဆင်ပြောင်းလဲနိုင်ရန်လည်းလိုအပ်ပါသည်။ ဆန်းသစ်တီထွင်မှုများကိုလိုက်မီရန်အတွက်လည်း ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် အရည်အချင်းလိုအပ်ပါသည်။

**စိတ်ရှည်သည်းခံခြင်းနှင့်လုံ့လဝီရိယ**

အခက်အခဲများကို ရင်ဆိုင်နိုင်ရန်အတွက် စိတ်ဓာတ်ခိုင်မာရန်နှင့် ကိစ္စရပ်အသီးသီးကို ဆုံးဖြတ်ချက်များ မှန်ကန်စွာဖြေရှင်းနိုင်ရန်အထူးလိုအပ်ပါသည်။ အထူးသဖြင့် ဝယ်သူများနှင့် ဆက်ဆံရေးကောင်းမွန်ရန်အတွက် စိတ်ရှည်သည်းခံမှုများအထူးရှိနေရန်လိုအပ်ပါသည်။ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးတွင် ဆုံးဖြတ်ချက်မှန်ကန်ရန်လိုအပ်ပါသည်။ ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်ချမှတ်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ စိတ်ရှည်သည်းခံခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**စီးပွားရေးစီမံချက်**

နောက်ဆုံးအနေဖြင့် လုပ်ငန်းတစ်ခုအတွက် ပထမဆုံးပြင်ဆင်ရမည့်အလုပ်ကို တင်ပြလိုပါသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၉၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၉၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၆၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၉၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း ပဲစင်းငုံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်အတွင်းရှိ ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရွက်ဖျန်းမြေဩဇာဝယ်ယူမှု လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထိုအချက်မှာ စီးပွားရေးစီမံချက်ကို လုပ်ငန်းမစမီပင် ပြင်ဆင်ထားသင့်ပါသည်။ လုပ်ငန်းမည်မျှငယ်သည်ဖြစ်စေ မိမိလုပ်ငန်း၏ စီမံချက်ကိုရေးဆွဲထားသင့်သည်။ စီးပွားရေးစီမံချက်သည် လွယ်ကူပြီး ရိုးရှင်းသည့် လက်တွေ့ကျသော စီမံချက်မျိုးဖြစ်သင့်ပါသည်။ မိမိလုပ်ငန်းအတွက် လမ်းညွှန်အဖြစ်မှတ်ယူပြီး အကောင်အထည်ဖော်သွားရန် လိုအပ်ပါသည်။ တတ်နိုင်ပါက နားလည်ကျွမ်းကျင်သော စာရင်းကိုင်တစ်ဦး၏ အကြံဉာဏ်ဖြင့် ရေးဆွဲထားရန်လိုအပ်ပါသည်။ လိုအပ်ပါက ပြောင်းလဲပြင်ဆင်နိုင်ရန်လည်း ကြိုတင်စဉ်းစားထားရန် လိုအပ်ပါသည်။ ထိုသို့ ရေးဆွဲထားခြင်းဖြင့် လုပ်ငန်းအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

အဓိကလိုအပ်သောအချက်များနှင့်လုပ်ဆောင်နည်းအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်းရည်မှန်းချက်ကို တိတိကျကျချမှတ်ထားရန်၊

( ခ ) ဈေးကွက်ရွေးချယ်ရန်နှင့် ဈေးကွက်ဆိုင်ရာကိစ္စများကို ခွဲခြမ်းစိတ်ဖြာရန်၊

( ဂ ) ထုတ်ကုန်နှင့်ပတ်သက်၍လည်းကောင်း၊ ရောင်းကုန်နှင့်ပတ်သက်၍လည်းကောင်း အသေးစိတ်ဖော်ပြရန်

(ဃ) လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေရေးကိုကြိုတင်စီစဉ်ရန်၊

( င ) ငွေကြေးဆိုင်ရာစီမံခြင်းကိုဆောင်ရွက်ရန်၊ ငွေကြေးအရင်းအနှီးလိုအပ်လျှင် ရနိုင်မည့်နေရာကို ကြိုတင်လေ့လာပြင်ဆင်ထားရန်၊

( စ ) အထက်ဖော်ပြပါအချက်များကိုစုစည်း၍ အကျဉ်းချုပ်နှင့်မှတ်တမ်းများ၊ သုံးသပ်ချက်များ၊ အရေးကြီးသောဆုံးဖြတ်ချက်များကို သေချာမှတ်တမ်းတင်ရန်၊

လုပ်ငန်းငယ်များအတွက် ငွေကြေးစီမံခန့်ခွဲမှုသည်လည်း အရေးကြီးသည့်ကိစ္စတစ်ခုဖြစ်၍ စာရင်းဇယားများနှင့် စီမံချက်များ၏ အရေးပါပုံများကို လျစ်လျူရှုမထားရန် အရေးကြီးပါသည်။ ထို့ကြောင့် ထိုအချက်များကို လေးလေး နက်နက်လုပ်ကိုင်ကြည့်ပြီး တိုးတက်အောင်မြင်မှုများရရှိစေရန် ရေးသားလိုက်ရပါသည်။

## ဒါနအကျိုး ဂုဏ်ရည်တိုး

\- စေတနာ သဒ္ဓါလှနဲ့
မြတ်ဒါန လှူမယ်
မှတ်ပါကြ ဇမ္ဗူဝယ်လေ
အဖြူထည် သန့်ရှင်း၊
ပေးသောလက် အစွမ်းမှာကွယ်
မခန်းပါ တိုးပွားလက်ငင်း။

\- ဒါနရဲ့ အကျိုးကံရယ်
မညှိုးပြန် မှတ်သွင်း၊
တန်ခိုးရှံ မြတ်အဆင်းရယ်နဲ့
အငတ်ကင်း ပြည့်စုံ၊
အသက်ရှည် ကျန်းမာကြောင်းကွဲ့
ချမ်းသာပေါင်း လိုတရကုန်။

\- ကြီးမြတ်တဲ့ ပညာဂုဏ်ရယ်
ထင်သာပုံ အားအင်ကြီးသမို့
တရားခင်ပြီး ကြိုးစားလို့ပင်
တိုးပွားဖို့ပြင်၊
ဒါနပြု တက်လမ်းထွင်မယ်
အထက်တန်းတွင် စံရဖို့လေး။ ။

**မောင်နွေဦး(လယ်ဝေး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဝေါလ်စထရိဂျာနယ်သတင်းစာပိုင်ရှင်များကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့် တရားစွဲ



**နယူးယောက် ဇူလိုင် ၁၉**

ဝေါလ်စထရိဂျာနယ်သတင်းစာနှင့် သတင်းစာပိုင်ရှင်များကိုအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အသရေဖျက်မှုဖြင့် တရားစွဲထားပြီး နစ်နာကြေး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ တောင်းဆိုထားကြောင်း ဇူလိုင် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝေါလ်စထရိဂျာနယ်သတင်းစာကထုတ်ပြန်ထားသော နာမည်ပျက် ဘဏ္ဍာရေးလုပ်ငန်းရှင်နှင့် လိင်အနိုင်ကျင့်မှုများကျူးလွန်သူ ဂျက်ဖရီအက်စတိန်း သတင်းကို အကြောင်းပြု၍ သမ္မတ ဒေါ်နယ်ထရမ့်က ဝေါလ်စထရိဂျာနယ်သတင်းစာနှင့် သတင်းစာပိုင်ရှင်များကို တရားစွဲဆိုထားခြင်းဖြစ်သည်။

ဂျက်ဖရီအက်စတိန်းအတွက် အသက် ၅၀ ပြည့် မွေးနေ့လက်ဆောင်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၀၃ ခုနှစ်တွင် ညစ်ညမ်းဟာသစာတစ်စောင်ကို ပေးပို့ခဲ့ဖူးကြောင်း ဝေါလ်စထရိဂျာနယ်သတင်းစာက ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် သမ္မတဒေါ်နယ်ထရမ့်သည် ဝေါလ်စထရိဂျာနယ်သတင်းစာနှင့် ပိုင်ရှင်များကို မိုင်ယာမီဖက်ဒရယ်တရားရုံး၌ တရားစွဲဆိုထားသည်။

ဝေါလ်စထရိဂျာနယ်သတင်းစာကိုပိုင်ဆိုင်သူများထဲတွင် ကမ္ဘာကျော် အမေရိကန်မီဒီယာသူဌေး ရူးပတ်မားဒေါ့လည်း ပါဝင်သည်။

ဂျက်ဖရီအက်စတိန်း သည် ၎င်းကျူးလွန်ခဲ့သော ပြစ်ဒဏ်များအတွက် နယူးယောက်မြို့ အကျဉ်းထောင်တစ်ခု၌ ပြစ်ဒဏ်ကျခံနေရစဉ် ၂၀၁၉ ခုနှစ်တွင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## သမ္မတဒေါ်နယ်ထရမ့်၏ အမိန့်ဒီကရီတစ်ရပ်ကြောင့် မက္ကဆီကိုကုန်တင်ယာဉ်မောင်းများ အင်္ဂလိပ်စာသင်နေရ

**မက္ကဆီကိုစီးတီး ဇူလိုင် ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်မှတ်ရေးထိုးထားသည့် အထူးအမိန့်ဒီကရီတစ်ရပ်ကြောင့် မက္ကဆီကိုနိုင်ငံ စီယူဒက်ဂျူအာရက်ဇ်မြို့မှ ကုန်တင်ယာဉ်မောင်းများမှာ အင်္ဂလိပ်စာသင်ကြားနေရကြောင်း ဇူလိုင် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ်ဧပြီလအတွင်း အထူးအမိန့်ဒီကရီ တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ ယင်းအမိန့်ဒီကရီအရ အမေရိကန်နိုင်ငံအတွင်း မောင်းနှင်မည့် ကုန်တင်ယာဉ်မောင်းများအနေဖြင့် အင်္ဂလိပ်ဘာသာစကားကောင်းစွာ သုံးစွဲနိုင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မက္ကဆီကိုနယ်စပ်မြို့ဖြစ်သည့် စီယူဒက်ဂျူအာရက်ဇ်မြို့မှ ကုန်တင်ယာဉ်မောင်းများမှာ ရက်သတ္တပတ်လျှင် လေးနာရီမှ ရှစ်နာရီထိ အင်္ဂလိပ်စာသင်ကြားနေရကြောင်း သိရသည်။

မက္ကဆီကို ကုန်တင်ယာဉ်မောင်းများအတွက် အင်္ဂလိပ်စာသင်တန်းများကို ၎င်းတို့၏ အလုပ်ရှင်များက စီစဉ်ပေးထားရခြင်းဖြစ်သည်။

စီယူဒက်ဂျူအာရက်ဇ်မြို့မှ မက္ကဆီကို ကုန်တင်ယာဉ်မောင်းများသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အယ်လ်ပါဆိုမြို့နှင့် စီယူဒက်ဂျူအာရက်ဇ်မြို့တို့ကြား သွားလာနေကြရသူများဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အင်္ဂလိပ်ဘာသာစကားအား အမေရိကန်နိုင်ငံ၏ တရားဝင် ဘာသာစကားအဖြစ် သတ်မှတ်ထားသော အမိန့်ဒီကရီတစ်ရပ်ကို ယခုနှစ် ဧပြီလအတွင်း လက်မှတ်ရေးထိုး ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အယ်လ်ဆာဗေဒိုးမှ ပြန်လည်လွှတ်မြောက်လာသော ဗင်နီဇွဲလားနိုင်ငံသား ၂၀၀ ကျော် ကာရာကတ်စ်မြို့သို့ရောက်ရှိ

**ကာရာကတ်စ် ဇူလိုင် ၁၉**



အမေရိကန်နိုင်ငံမှ နှင်ထုတ်ခံခဲ့ရပြီးနောက် အယ်လ်ဆာဗေဒိုးနိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဗင်နီဇွဲလားနိုင်ငံသား ၂၀၀ ကျော်တို့မှာ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှု အစီအစဉ်တစ်ရပ်အရ ဇူလိုင် ၁၈ ရက်တွင် ပြန်လည်လွှတ်မြောက်လာကြောင်း သိရသည်။

အယ်လ်ဆာဗေဒိုး နိုင်ငံမှ ပြန်လည်လွှတ်မြောက်လာသော ဗင်နီဇွဲလားနိုင်ငံသား ၂၅၂ ဦးတို့မှာ ဇူလိုင် ၁၈ ရက်တွင် လေယာဉ်နှစ်စင်းဖြင့် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဗင်နီဇွဲလားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ဗင်နီဇွဲလားနိုင်ငံ၌ ဖမ်းဆီးခံထားရသော အမေရိကန်နိုင်ငံသား ၁၀ ဦး ပြန်လည်လွှတ်မြောက်ရေးအတွက် အဆိုပါဗင်နီဇွဲလားနိုင်ငံသား ၂၅၂ ဦးကို အယ်လ်ဆာဗေဒိုးနိုင်ငံက ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဗင်နီဇွဲလား နိုင်ငံသား ၂၅၂ ဦးကို အမေရိကန်အစိုးရက ယခုနှစ် မတ်လအတွင်း အယ်လ်ဆာဗေဒိုးနိုင်ငံသို့ ပို့ဆောင်၍ ထိန်းသိမ်းထားခြင်းဖြစ်သည်။

ရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်နေသူတရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများကို အမြန်ဆုံးနှင်ထုတ်နိုင်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၁၇၉၈ ခုနှစ်ပြည်ပနိုင်ငံသားရန်သူများ အက်ဥပဒေကို အသက်သွင်းခဲ့ပြီးနောက် အဆိုပါဗင်နီဇွဲလားနိုင်ငံသား၂၀၀ကျော်ကို အမေရိကန်တာဝန်ရှိသူများက အယ်လ်ဆာဗေဒိုးနိုင်ငံသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်၊ ဂျာမနီနှင့် အီတလီနွယ်ဖွားများကို နှင်ထုတ်ရေးအတွက် ၁၇၉၈ ပြည်ပနိုင်ငံသားရန်သူများ အက်ဥပဒေကို ကျင့်သုံးခဲ့ဖူးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## မောင်းသူမဲ့လေယာဉ် အစင်း ၃၀၀ကျော်ဖြင့် ယူကရိန်းပစ်မှတ်များကို ရုရှားတိုက်ခိုက်

**မော်စကို ဇူလိုင် ၁၉**

ရုရှားတပ်များသည် ဇူလိုင် ၁၈ ရက်ညပိုင်းမှ ယနေ့နံနက်ပိုင်းထိ ယူကရိန်းနိုင်ငံကို မောင်းသူမဲ့လေယာဉ် ၃၀၀ကျော်တို့ဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်များအနေဖြင့် ဇူလိုင် ၁၈ ရက်မှ ယနေ့ထိ ယူကရိန်းနိုင်ငံကို မောင်းသူမဲ့လေယာဉ် အစင်း ၃၀၀ကျော်၊ ခရုစ်ဒုံးကျည်အစင်း ၃၀ ကျော်တို့ဖြင့် မိုးလင်းပေါက် တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းသမ္မတဇီလန်စကီးက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်လများအတွင်း ယူကရိန်းနိုင်ငံကို လေကြောင်း တိုက်ခိုက်မှုများ မြှင့်တင်လုပ်ဆောင်ခဲ့သည်။

ယင်းသို့ တိုက်ခိုက်ရာတွင် ရုရှားနိုင်ငံက တစ်ညတာအတွင်း အသုံးပြုခဲ့သည့် မောင်းသူမဲ့လေယာဉ်အရေအတွက်မှာ ၂၀၂၄ ခုနှစ်အတွင်း အချို့လများ၌ တစ်လလုံးအသုံးပြုခဲ့သော မောင်းသူမဲ့လေယာဉ်များ အရေအတွက်ကိုပင် ကျော်လွန်သွားတတ်ကြောင်း သိရသည်။

ယခုနှစ် ဇွန် ၈ ရက်တွင် ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားနိုင်ငံသည် မောင်းသူမဲ့လေယာဉ်အစင်း ၇၀၀ထိ သုံးစွဲခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ၂၀ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## လာမည့်ငါးနှစ်အတွင်း စစ်ပွဲတစ်ပွဲ၌ တိုက်ရိုက်ပါဝင်ရမည်ဆိုပါက အီတလီနိုင်ငံသား ၁၆ ရာခိုင်နှုန်းသာ ပါဝင်တိုက်ခိုက်ရန် ဆန္ဒရှိ

**ရောမ ဇူလိုင် ၁၉**

လာမည့်ငါးနှစ်အတွင်း အီတလီနိုင်ငံအနေဖြင့် စစ်ပွဲတစ်ပွဲ၌ တိုက်ရိုက်ပါဝင်ရနိုင်ကြောင်း အီတလီနိုင်ငံသား သုံးပုံတစ်ပုံနီးပါးက ယုံကြည်ထားသော်လည်း ယင်းစစ်ပွဲ၌ ပါဝင်တိုက်ခိုက်ရန် အီတလီနိုင်ငံသား ၁၆ ရာခိုင်နှုန်းကသာ ဆန္ဒရှိကြောင်း ဇူလိုင် ၁၈ ရက်တွင်ထုတ်ပြန်သော လူထုသဘောထားစစ်တမ်းကောက်ခံချက်အရ သိရသည်။

အကယ်၍ အီတလီနိုင်ငံအနေဖြင့် စစ်ပွဲတစ်ပွဲ၌ တိုက်ရိုက်ပါဝင်ခဲ့ရပါက စစ်မှုထမ်းဆင့်ခေါ်မှုကို ငြင်းဆန်ခွင့်ရှိသူများအဖြစ် ကိုယ့်ကိုယ်ကိုယ် ကြေညာမည်ဟူ၍ အီတလီနိုင်ငံသား ၃၉ ရာခိုင်နှုန်းတို့ကဆန္ဒပြုထားကြောင်း အဆိုပါလူထုသဘောထား စစ်တမ်းကောက်ခံချက်၌ဖော်ပြထားသည်။

အလားတူ ယင်းစစ်ပွဲ၌ ပါဝင်တိုက်ခိုက်ရန် ဆန္ဒရှိကြောင်း ဆန္ဒပြုသူ အီတလီနိုင်ငံသားရာခိုင်နှုန်းမှာ ၁၆ ရာခိုင်နှုန်းထိသာရှိသည်။

အဆိုပါ လူထုသဘောထားစစ်တမ်းကောက်ခံချက်ကို မီလန်မြို့အခြေစိုက် လူမှုရင်းနှီးမြှုပ်နှံမှုများလေ့လာရေးဗဟိုဌာနအမည်ရှိ သုတေသနအဖွဲ့အစည်းတစ်ခုက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပထဝီနိုင်ငံရေးတင်းမာမှုများ မြင့်တက်လာမှု၊ ယူကရိန်းနှင့် အရှေ့အလယ်ပိုင်း ဒေသများ၌ ပဋိပက္ခများဖြစ်ပွားနေမှုတို့ကြောင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အီတလီနိုင်ငံသည် အခြားနေတိုးအဖွဲ့ဝင်နိုင်ငံများကဲ့သို့ပင် ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်ရန် ကတိပြုထားသည်။

သို့ရာတွင် အီတလီအစိုးရ၏ လက်နက်ပြန်လည်တပ်ဆင်ရေး အစီအစဉ်အပေါ် အီတလီပြည်သူအများစုက သံသယဝင်နေကြဆဲဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က NGSRI ဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့



အမေရိကန်ကြည်းတပ်သည် Next Generation Short-Range Interceptor NGSRI ဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဒုံးကျည်တီထွင်ထုတ်လုပ်နိုင်ခြင်းသည် ယာဉ်တင်၊ အနီးကပ်လေကြောင်းရန်ကာကွယ်ရေးတွင် သိသာထင်ရှားသော နည်းပညာပြောင်းလဲမှုတစ်ခုကို ပြသနေပြီး၊ လက်ရှိအသုံးပြုနေသော FIM-92 Stinger MANPADS ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးဒုံးစနစ်ထက် စွမ်းဆောင်ရည်နှင့် တိုက်ပွဲဝင်နိုင်စွမ်းသာလွန်ကြောင်း သိရသည်။

လှုပ်ရှားစစ်ကစားနိုင်သော တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး (Maneuver Short-Range Air Defense -M-SHORAD) အဆင့်မြှင့်တင်ရေးအစီအစဉ် အဆင့် ၃ ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် NGSRI ဒုံးကျည်ကို ရဟတ်ယာဉ်များ၊ ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များနှင့် တာတိုပစ် ဟိုက်ပါဆောနစ်ခဲယမ်းများ အပါအဝင် အဆင့်မြင့်လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို တန်ပြန်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အမြန်နှုန်း၊ ပစ်ခတ်နိုင်သည့်အကွာအဝေး၊ အာရုံခံကိရိယာစွမ်းဆောင်ရည်နှင့် တွန်းကန်အားစနစ်တို့တွင် အဆင့်မြှင့်တင်ထားမှုများကြောင့် NGSRI ဒုံးကျည်သည် အမေရိကန်ကြည်းတပ်၏အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးမဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

အနာဂတ်တွင် Raytheon ကုမ္ပဏီထုတ် Stinger MANPADS နေရာတွင် အစားထိုးအသုံးပြုရန် တီထွင်ခဲ့သော NGSRI ဒုံးကျည်သည် ခေတ်သစ်ဝေဟင်ခြိမ်းခြောက်မှုများကိုမြန်နှုန်းမြင့်၊ အကွာအဝေးမြင့်မားစွာနှင့် တိကျမှုမြင့်မားစွာ တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်အမျိုးအစားသစ်ဖြစ်သည်။

၁ ဒသမ ၅ မီတာအောက်သာရှည်လျားသည့် NGSRI ဒုံးကျည်သည် ပစ်လွှတ်ပြီး စက္ကန့်ပိုင်းအတွင်း Mach 3 အထက်သို့ အရှိန်မြှင့်တင်နိုင်ပြီး မြန်နှုန်းမြင့်ပစ်မှတ်များအတွက် ချက်ချင်းတုံ့ပြန်နိုင်စေမည်ဖြစ်သည်။ ၎င်း၏တွန်းကန်အားစနစ်သည် Highly Loaded Grain (HLG) အစိုင်အခဲလောင်စာနည်းပညာကို အခြေခံထားပြီး သာမန်မော်တာများထက် ပိုမိုကြာရှည်ပြီး အားကောင်းသောစွမ်းအင်ထုတ်လုပ်ပေးနိုင်သည်။ ဤအဆင့်မြင့်မော်တာသည် ဒုံးကျည်ကို အကွာအဝေး ကိုးကီလိုမီတာထိ တိုက်ပွဲဝင်နိုင်မည်ဖြစ်ကာ Stinger ၏ အများဆုံးစစ်ဆင်နိုင်မှုအကွာဝေး ၄ ဒသမ ၈ ကီလိုမီတာထက် များစွာသာလွန်နေသည်။

Raytheon နှင့် Northrop Grumman ကုမ္ပဏီတို့သည် အမေရိကန်ကြည်းတပ်၏ လက်နက်စနစ် အသားကျဖြစ်စေမှုအစီအစဉ်၏တစ်စိတ်တစ်ပိုင်းအဖြစ် NGSRI ဒုံးကျည်အတွက် HLG-powered မော်တာတပ်ဆင်၍ ပျံသန်းတိုက်ခိုက်ရန် အသင့်စမ်းသပ်မှုလေးခုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

NGSRI ဒုံးကျည်သည် လက်ရှိ အမေရိကန်ကြည်းတပ်၏ ရှိပြီးသားစနစ်များနှင့် တွဲဖက်အသုံးပြုနိုင်ခြင်းက တိုက်ပွဲဝင်ဖြန့်ကြက်ချထားမှုတွင် အဓိကအားသာချက်တစ်ခုဖြစ်ကြောင်း သိရသည်။

**New NGSRI missile for U.S. Army offers high interception capability against short range aerial and hypersonic threats. ကို ဘာသာပြန်ဆိုထားပါသည်။**

## Rheinmetall ကုမ္ပဏီက Skyranger 30 လက်နက်စနစ်ကို LandEuro 2025 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသ

ဂျာမနီနိုင်ငံ Wiesbaden မြို့တွင် ကျင်းပနေသည့် LandEuro 2025 ကာကွယ်ရေးပြပွဲတွင် Rheinmetall ကုမ္ပဏီသည် ခေတ်မီစစ်မြေပြင်၏ လျှင်မြန်စွာပြောင်းလဲနေသောစိန်ခေါ်မှုများကိုရင်ဆိုင်ရန် ဒီဇိုင်းထုတ်ထားသည့် နောက်ဆုံးပေါ်မိုဘိုင်းလေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် Skyranger 30 ကို မိတ်ဆက်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလက်နက်စနစ်သည် ၃၀ မမ လေယာဉ်ပစ်အမြောက်များ၊ မြေပြင်မှဝေဟင်ပစ် ပဲ့ထိန်းဒုံးကျည်များနှင့် အဆင့်မြင့်အာရုံခံစနစ်များကို ဘီးတပ် သို့မဟုတ် ချိန်းတပ်ယာဉ်တစ်စီးတည်းပေါ်တွင် ဆုံလည်တစ်ခုတည်းဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းထားသည်။ ရည်ရွယ်ချက်မှာ တိုက်ခိုက်ရေးဒရုန်းများနှင့် အနိမ့်ပျံလေယာဉ်များ၏ ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန် စွယ်စုံသုံးနိုင်ပြီး အတိုင်းအတာတစ်ခုထိ တိုးချဲ့တပ်ဆင်အသုံးပြုသွားနိုင်ရန်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါစနစ်သည် တာဝန်ထမ်းဆောင်နေသော ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များအတွက် ပစ်အားနှင့် စစ်ကစားနိုင်မှုကို ပေါင်းစပ်ထားသော တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်အဖြစ် အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Skyranger 30 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် Rheinmetall တိကျမှု၊ လိုက်လျောညီထွေမှုနှင့် အကာအကွယ်ရှိမှုတို့ ပေါင်းစပ်ထားသည့် ဆုံလည်စနစ်တွင် 30mm x 173 KCE လေယာဉ်ပစ်အမြောက် တပ်ဆင်ထားပြီး ပရိုဂရမ်ထည့်သွင်းထားသော လေကွဲကျည်များဖြင့် ဒရုန်းများကို ထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ပြင် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များနှင့် အဆင့်မြင့်အာရုံခံကိရိယာများ ပေါင်းစည်းထားကာ အလိုအလျောက်နှင့် ကွန်ရက်ချိတ်ဆက်တိုက်ပွဲဝင်နိုင်မှု နည်းလမ်းနှစ်သွယ်ဖြင့်အသုံးပြုနိုင်သည်။ အစပိုင်းတွင် ဂျာမနီနိုင်ငံသည် Stinger ဒုံးကျည်များထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးအတွက် အံဝင်ခွင်ကျဖြစ်စေရန် တီထွင်ထုတ်လုပ်ထားသည့် ဒုံးကျည်အသစ်တစ်မျိုးကို ပြောင်းလဲအသုံးပြုသွားနိုင်ရန် စီစဉ်ထားသည်။





အချိန်တိုအတွင်း လျှင်မြန်စွာတုံ့ပြန်နိုင်မှုနှင့် စစ်ရေးလှုပ်ရှားမှုကောင်းမွန်စေရန် ဒီဇိုင်းထုတ်ထားသည့် Skyranger 30 ဆုံလည်စနစ်ကို ရည်မှန်းချက်တာဝန်လိုအပ်ချက်အရ ဘီးတပ်နှင့်ချိန်းတပ်ယာဉ်နှစ်မျိုးစလုံးပေါ်တွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ဤဖွဲ့စည်းမှုပုံစံသည် လက်ရှိ စစ်ဘက်သုံးယာဉ်များပေါ်တွင် အဆင်ပြေစွာပေါင်းစည်းနိုင်စေကာ စစ်မြေပြင်လိုက်လျောညီထွေရှိမှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် လှုပ်ရှားတပ်ဖွဲ့များ၊ ထောက်ပံ့ရေးယာဉ်တန်းများ လက်ရှိပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် ၎င်းတို့၏ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ခေတ်မီအောင် ကြိုးပမ်းနေကြသည့်အတွက် အခြား NATO၊ မဟာမိတ်နိုင်ငံအများအပြားသည်လည်း Skyranger 30 turret ကိုဝယ်ယူဖြည့်တင်းရန် အကဲဖြတ်ဆန်းစစ်နေကြသည်။

ဂျာမနီနိုင်ငံထုတ် Skyranger 30 လက်နက်စနစ်သည် မိုဘိုင်းတာတိုလေကြောင်းရန်ကာကွယ်ရေးတွင် သိသာထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုကို ကိုယ်စားပြုပြီး ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများကို လိုက်လျောညီထွေဖြစ်စွာတုံ့ပြန်နိုင်စေမည်ဖြစ်သည်။ ၎င်း၏ modular turret ဒီဇိုင်း၊ အဆင့်မြင့်အာရုံခံကိရိယာများ၊ လက်နက်မျိုးစုံပေါင်းစပ်မှုနှင့် ဒရုန်းတိုက်ခိုက်ရေး အထူးပြုခဲယမ်းများဖြင့်၊ Skyranger 30 လက်နက်စနစ်သည် ဥရောပနှင့် NATO တပ်ဖွဲ့များ၏ပြောင်းလဲနေသော စစ်ဆင်ရေးလိုအပ်ချက်များနှင့် ကိုက်ညီသည်။ Rheinmetall ကုမ္ပဏီ၏ Skyranger 30 ရောင်းချပေးနိုင်ရန် ထုတ်ဖော်ပြသမှုသည် တိုက်ကြီးတစ်ဝန်းရှိ လေကြောင်းရန် ကာကွယ်ရေးစွမ်းအားများကိုကောင်းစေရန် စုပေါင်းကြိုးပမ်းမှုတွင် အရေးပါသည့်အရာတစ်ခုအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**LandEuro 2025: Germany's RheinmetallSkyranger 30 Offers Hybrid Weapon System Against Drones and Loitering Munitions.ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

# ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး ဝစ်ဆာ အသင်းမှထွက်ခွာမည်ဟု ပြောကြား

လန်ဒန် ဇူလိုင် ၁၉

ဘရန့်ဖို့ဒ်အသင်းသည် တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဝစ်ဆာကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းနေသော်လည်း ကစားသမားအနေဖြင့် ငြင်းဆိုမှုပြုလုပ်ကာ နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး ဝစ်ဆာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၉ ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ဘက် စပါးအသင်း၊ နယူးကာဆယ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့က ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်နေသောကြောင့် ကစားသမားကိုယ်တိုင်က အသင်းနှင့် သက်တမ်းတိုးရန် ဆန္ဒမရှိတော့ဘဲ ထွက်ခွာရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဝစ်ဆာသည် ဘရန့်ဖို့ဒ်အသင်းနှင့် စာချုပ်သက်တမ်း ၁၂ လသာကျန်ရှိနေကာ စာချုပ်တွင် တစ်နှစ်သက်တမ်းတိုးနိုင်သည့် သဘောတူညီချက်ပါဝင်ခဲ့သော်လည်း ၎င်းကိုယ်တိုင်က သက်တမ်းတိုးရန် ဆွေးနွေးမှုမပြုလုပ်တော့ကြောင်း သိရသည်။

လက်ရှိ ဘရန့်ဖို့ဒ်အသင်းတွင် ကွင်းလယ်အသင်းခေါင်းဆောင် နေ်ဂတ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့်အပြင် တိုက်စစ်မှူး အမ်ဘူမိုသည်လည်း မန်ယူအသင်းသို့ စတာလင်ပေါင် ၇၁ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှု ရခဲ့သောကြောင့် ဝစ်ဆာကလည်း အသင်းတွင် ဆက်လက်ကစားလိုခြင်း မရှိဘဲ ယခုအပြောင်းအရွှေ့ ကာလ၌ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML



# အမျိုးသမီးယူရိုပြိုင်ပွဲ ဆွစ်ဇာလန်နှင့်ပွဲစဉ်တွင် ပင်နယ်တီနှစ်ကြိမ်လွဲချော်ခဲ့သော်လည်း စပိန်အသင်း နိုင်ပွဲရခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်



မက်ဒရစ် ဇူလိုင် ၁၉

၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် စပိန်အမျိုးသမီးအသင်းနှင့် ဆွစ်ဇာလန်အမျိုးသမီးအသင်းတို့ တွေ့ဆုံခဲ့ရာ စပိန်အမျိုးသမီး အသင်းက ပွဲကစားချိန်အတွင်း ပင်နယ်တီနှစ်ကြိမ်ထိ လွဲချော်ခဲ့သော်လည်း နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ် ပွဲစဉ်တွင် စပိန်အသင်းသည် ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ကိုးမိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရခဲ့ရာ တိုက်စစ်မှူး မာရီအိုနာ လွဲချော်မှုကြောင့် ဦးဆောင်ဂိုးမရခဲ့ဘဲ ပွဲကစားချိန် ၆၆ မိနစ်အရောက်တွင် ကက်စတယ်လို၊ ပွဲချိန် ၇၁ မိနစ်တွင် ပီနာတို့က ငါးမိနစ်အတွင်း သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဆွစ်ဇာလန်အသင်း အနေဖြင့်လည်း ကစားအားကျဆင်းသွားသောကြောင့် ချေပဂိုးသွင်းယူရန် ခက်ခဲခဲ့ပြီး စပိန်အသင်းက ဆက်တိုက်ဖိအားပေး ကစားနိုင်ခဲ့ရာ ပွဲကစားချိန် ၈၈ မိနစ်တွင် စပိန်အသင်း ဒုတိယအကြိမ် ပင်နယ်တီရရှိခဲ့သဖြင့် ပူတဲလက်စ်ကန်သွင်းခဲ့မှုကို ဆွစ်ဇာလန်ဂိုးသမား ကာကွယ်နိုင်ခဲ့သောကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့်သာ ပြီးဆုံးခဲ့ပြီး စပိန်အသင်းက ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ယခုပွဲစဉ်တွင် ပင်နယ်တီနှစ်ကြိမ်လွဲချော်ခဲ့သည့် စပိန်အသင်းအနေဖြင့် ၂၀၁၃ ခုနှစ်က ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် ယူရိုပြိုင်ပွဲတွင် နော်ဝေအသင်းနှင့် ကစားခဲ့စဉ်က ပွဲချိန်အတွင်း ပင်နယ်တီနှစ်ကြိမ် လွဲခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် ပင်နယ်တီနှစ်ကြိမ်လွဲချော်ခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်ကို ဂါလာတာစာရေးအသင်းက ယူရိုသုံးသန်းဖြင့် ကမ်းလှမ်း

အစ္စတန်ဘူလ် ဇူလိုင် ၁၉

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် လာမည့်ဘောလုံးရာသီတွင် အသင်းကို ပြန်လည်ဖွဲ့စည်းရန် စီစဉ်ခဲ့ပြီးနောက် အသင်းမှ ဂိုးသမား အီဒါဆန်ကို ရောင်းချမည် ဖြစ်သောကြောင့် တူကီယဲကလပ် ဂါလာတာစာရေးအသင်းက ပြောင်းရွှေ့ကြေး ယူရိုသုံးသန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ဘရာဇီးဂိုးသမား အီဒါဆန်သည် ၂၀၁၇ ခုနှစ်က ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ မန်စီးတီးအသင်းသို့ စတာလင်ပေါင် ၃၅ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူခဲ့ရာတွင် အသင်းအတွက် အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၃၇၂ ပွဲတွင် ဂိုးမပေးရသည့်ပွဲစဉ် ၁၆၈ ပွဲထိရှိခဲ့ကာ ပရီးမီးယားလိဂ်ဆုဖလား ခြောက်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ ကွာရာဘောင်းဖလား လေးကြိမ်၊ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလား၊ ဖီဖာကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်စီ ဆွတ်ခူးခဲ့သည်။

လက်ရှိတွင် အီဒါဆန်ကို ဆော်ဒီပရိုလိဂ်ကလပ် အယ်နာဆာအသင်းနှင့် အယ်အီသီဟတ်အသင်းတို့ကလည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် မက်လုံးပေး ကမ်းလှမ်းမှုများ ပြုလုပ်ထားပြီး ဂါလာတာစာရေးအသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသုံးပြုရန်အတွက် အီဒါဆန်ကို ယူရိုသုံးသန်းဖြင့် ကမ်းလှမ်းခဲ့သောကြောင့် အီဒါဆန်သည် ချန်ပီယံလိဂ်ကစားရမည့် ဂါလာတာစာရေးအသင်းသို့ပြောင်းရွှေ့ရန် အခွင့်အရေးများနေခြင်းဖြစ်သည်။



နည်းပြ ဂွါဒီယိုလာကလည်း အီဒါဆန် ထွက်ခွာသွားပါက ၎င်းနေရာတွင် အစားထိုးရန်အတွက် ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂန်ကိုခေါ်ယူရန် ပစ်မှတ်ထားနေသည့်အပြင် ပေါ်တိုအသင်းဂိုးသမား ကော်စတာ၊ ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာတို့ကိုလည်း ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- လာမည့်ဘောလုံးရာသီ နည်းပြဂရာဟမ်ပေါ်တာ၏ စီမံကိန်းတွင် ပါဝင်ခြင်းမရှိသည့် ကွင်းလယ်ကစားသမား အယ်ဗာရက်ဇ်က အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ဆော်ဒီပရိုလိဂ်ကလပ် အသင်းတစ်သင်းက တိုက်စစ်မှူး ဗင်နီစီးယက်စ်ကို စာချုပ်သက်တမ်းငါးနှစ်အတွက် ယူရိုတစ်ဘီလီယံတန်ကြေးရှိသည့် လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- တိုက်စစ်မှူးဆက်ကိုက မန်ယူအသင်းအနေဖြင့် ဥရောပပြိုင်ပွဲ ကစားခွင့်မရခဲ့သော်လည်း နွေရာသီအပြောင်းအရွှေ့တွင် မန်ယူအသင်းသို့သာ ပြောင်းရွှေ့လိုကြောင်းသိရသည်။
- နယူးကာဆယ်အသင်းက ဆဲလ်တစ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ခြေစမ်းပွဲစဉ်တွင် တိုက်စစ်မှူး အစ်ဆက်ခ်ပါဝင်နိုင်ခြင်းမရှိဘဲ လီဗာပူးအသင်းနှင့် အပြောင်းအရွှေ့ကိစ္စ ပြုလုပ်နေကြောင်း နည်းပြဟိုဝီက ပြောကြားခဲ့သည်။
- ၂၀၂၅ အမျိုးသမီး အာဖရိကဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နိုင်ဂျီးရီးယားအသင်းက ဇမ်ဘီယာအသင်းကို ဂိုးပြတ်အနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့သည်။

ML

# အန်တိုနီဂျိုရှုအာက ဂျိတ်ပေါလ်နှင့်ထိုးသတ်ရန် ဆွေးနွေးမှုများပြုလုပ်သွားမည်

လန်ဒန် ဇူလိုင် ၁၉

WBA (Super)၊ IBF၊ WBOနှင့် IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းဖြစ်သူ ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှုအာသည် နာမည်ကြီး Youtuber အဖြစ်မှ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝသို့ ကူးပြောင်းလာခဲ့ပြီးနောက် နိုင်ပွဲဆက်နေသည့် ဂျိတ်ပေါလ်နှင့် စိန်ခေါ်ပွဲထိုးသတ်သွားရန် စီစဉ်နေကြောင်း နာမည်ကြီးPromoter အက်ဒီဟန်းက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။





အန်တိုနီဂျိုရှုအာသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဗြိတိန်လက်ဝှေ့သမား ဒူဘွိုက်စ်အား ရှုံးနိမ့်ခဲ့ရပြီးနောက်ပိုင်း ပြိုင်ပွဲထိုးသတ်ထားခြင်းမရှိသည့် လက်ဝှေ့သမားလည်းဖြစ်သည်။

ဂျိတ်ပေါလ်ကလည်း ၎င်း၏ လက်ဝှေ့စွမ်းရည်များကို ပြသနိုင်ရေးအတွက် ကမ္ဘာ့ချန်ပီယံများ၊ ချန်ပီယံဟောင်းများဖြင့် ထိုးသတ်သွားရန် ဆန္ဒရှိနေသောကြောင့် အန်တိုနီဂျိုရှုအာနှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေသည်။

အက်ဒီဟန်းက "နှစ်ယောက်စလုံးကလဲ စိန်ခေါ်ပွဲဖြစ်မြောက်ဖို့ ဆန္ဒရှိနေကြတယ်။ ဒါကြောင့် ဒီပွဲစဉ် အမြန်ဆုံးဖြစ်မြောက်အောင် ကျွန်တော်အကောင်းဆုံးကြိုးစားသွားပါမယ်။ ပေါလ်ရဲ့ မန်နေဂျာကလဲ ပွဲစီစဉ်ပေးဖို့အတွက် ကျွန်တော့်ကိုအသိပေးထားပါတယ်။ တစ်ခုတော့ရှိတယ်။ ပေါလ်ရဲ့မန်နေဂျာက ပေါလ်နဲ့ထိုးသတ်သွားမဲ့ပြိုင်ဘက်က သူတို့ကိုယ်တိုင်ပဲ ရွေးချယ်မယ်လို့တော့ ပြောသွားတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်မှ ရက်ရှ်ဖို့ဒ်၊ ဂါနာချို၊ အန်တိုနီ၊ မာလာစီယာနှင့် ဆန်ချိုတို့ကို မန်ယူအသင်း ချန်လှပ်



မန်ချက်စတာ ဇူလိုင် ၁၉

မန်ယူအသင်းက ရာသီကြိုလေ့ကျင့်ရေး ခရီးစဉ်အဖြစ် သွားရောက်ခဲ့သည့် စတော့ဟုမ်းလေ့ကျင့်ရေးခရီးစဉ်တွင် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလ၌ အရောင်းစာရင်းတင်ထားသည့် ကစားသမားများမှ ရက်ရှ်ဖို့ဒ်၊ ဂါနာချို၊ အန်တိုနီ၊ မာလာစီယာနှင့် ဆန်ချိုတို့ကို ချန်လှပ်ခဲ့ကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် လက်ရှိနည်းပြ အာမိုရင်လက်ထက်တွင် ပွဲကစားခွင့်များ လုံးဝမရရှိခဲ့သည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက အေဗီလာအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ကစားခဲ့သော်လည်း အေဗီလာအသင်းက အပြီးသတ်ခေါ်ယူခြင်းမရှိသည့်အတွက် အသင်းနှင့် ပြန်လည်ပူးပေါင်းနေရသကဲ့သို့ ဆန်ချိုသည်လည်း ချဲလ်ဆီးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားခဲ့သော်လည်း အပြီးသတ်စာချုပ်ဖြင့်ခေါ်ယူခြင်း မရှိသည့်အတွက် အသင်းထံ ပြန်လည်ပူးပေါင်းနေခြင်းဖြစ်သည်။

အလားတူ မာလာစီယာသည်လည်း ဒဏ်ရာပြဿနာများကြောင့် မန်ယူအသင်းက ရောင်းချရန်အတွက် ဆုံးဖြတ်ထားပြီး ဘက်တစ်အသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် အန်တိုနီကိုလည်း လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ် ရောင်းချရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂါနာချိုသည်လည်း ပြီးခဲ့သည့် ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်တွင် ပွဲထွက် ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် နည်းပြအာမိုရင်နှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် အသင်းမှထွက်ခွာမည်ဟု အတည်ပြုကြေညာထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# The Open Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာဦးဆောင်

အီဒင်ဘာ့ဂ် ဇူလိုင် ၁၉

စကော့တလန် နိုင်ငံတွင် ကျင်းပနေသည့် ဂေါက်သီးရိုက်လောက၏ အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်သောThe Open Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တရုတ်ဂေါက်သီးရိုက်ကစားသမား လီဟောင်တန်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟားမန်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံး ကစားသမားဖြစ်ခဲ့ပြီး ဗိုလ်စွဲရန် ရေပန်းစားနေသည့်အတွက် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သည်။

စကော့တီရှက်ဖလာက“ ဒုတိယနေ့ကတော့ ရလဒ်ပိုကောင်းခဲ့တယ်။ ပြိုင်ပွဲဝင် တော်တော်များများကလဲ ဒုတိယနေ့မှာ ရလဒ်ကောင်းခဲ့ကြတယ်။ ပြိုင်ပွဲတစ်ဝက်ပြီးဆုံးချိန်မှာ အမှတ်ပေးဇယားကို ရလဒ်ကောင်းနဲ့ ဦးဆောင်ခွင့်ရထားတာကို ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ရီးရဲလ်မက်ဒရစ်အသင်းက ချဲလ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းရန်ပြင်ဆင်

မက်ဒရစ် ဇူလိုင် ၁၉

ရီးရဲလ်မက်ဒရစ် အသင်းက လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက် ချဲလ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ကို စံချိန်တင် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၅၀ ဖြင့် ကမ်းလှမ်းရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းကွင်းလယ်ပိုင်းတွင် ကက်စ်မဲရိုးနှင့် တိုနီခရူးတို့ထွက်ခွာခဲ့ချိန်တွင်လည်း ၎င်းတို့နေရာတွင် ကစားသမားအစားထိုးခေါ်ယူခဲ့ခြင်း မရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်အတူ ကာလရှည်ကစားခဲ့သည့် ဝါရင့်ကွင်းလယ်ကစားသမား လူကာမိုဒရစ်ထွက်ခွာခဲ့ပြီးနောက် ကွင်းလယ်ပိုင်းအတွက် ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦးကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းကွင်းလယ်ပိုင်းတွင် ဘယ်လင်ဟမ်၊ ချူအာမန်နီ၊ ဗယ်လ်ဗာဒီနှင့် ကာမာဗင်ဂါတို့ရှိနေသော်လည်း ဘယ်လင်ဟမ်နှင့် ဗယ်လ်ဗာဒီတို့နှစ်ဦးသာ ပုံမှန်ခြေစွမ်းပြသနိုင်ခဲ့ပြီး ချူအာမန်နီနှင့် ကာမာဗင်ဂါတို့မှာ ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် ချူအာမန်နီကို ပြန်လည်ရောင်းချရန်ပြင်ဆင်နေပြီး အန်ဇိုဖာနန်ဒက်နှင့် အစားထိုးရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဘင်ဖီကာအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချဲလ်ဆီးအသင်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# EFG Swiss Open Gstaad တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ စီရန်ဒိုလိုတက်ရောက်

ဇူးရစ် ဇူလိုင် ၁၉

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပနေသည့် EFG Swiss Open Gstaad တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အာဂျင်တီးနား တင်းနစ်ကစားသမား စီရန်ဒိုလိုသည် နာမည်ကြီးတင်းနစ်ကစားသမား တစ်ဦးဖြစ်သည့် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စီရန်ဒိုလိုက (၆-၂၊ ၁-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရုဒ်သည် လက်ရှိကမ္ဘာ့အဆင့် (၁၃) နေရာတွင် ရပ်တည်နေသည့် တင်းနစ်ကစားသမားတစ်ဦးဖြစ်ပြီး စီရန်ဒိုလိုသည် ကမ္ဘာ့အဆင့် (၁၀၉)နေရာတွင် ရပ်တည်နေသည့် ကစားသမားဖြစ်သည်။

စီရန်ဒိုလိုအတွက် ကစားသမားဘဝ၏ အကောင်းဆုံးရလဒ်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်ကို ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

စီရန်ဒိုလိုသည် ပထမပွဲငယ်မှာကတည်းက အကောင်းဆုံးစွမ်းဆောင် ပြနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ကပ်စပါရုဒ်က အမှားကင်းစွာ ကစားနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့သော်လည်း အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စီရန်ဒိုလိုက ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့သည်။

စီရန်ဒိုလိုက “ကပ်စပါရုဒ်လို ကစားသမား တစ်ယောက်ကို အနိုင်ရဖို့ဆိုတာ လွယ်ကူတဲ့အရာတော့မဟုတ်ပါဘူး။ တကယ်ကို ခက်ခဲတဲ့ပွဲစဉ်ဖြစ်ပါတယ်။ ကပ်စပါရုဒ်ရဲ့ကစားပုံက ကျွန်တော့်ထက်တောင်ပိုပြီးတော့ ရေကုန်ရေခန်းကစားခဲ့တယ်။ တောက်လျှောက်လဲဖိအားပေးခဲ့တယ်။ ဒီနိုင်ပွဲဟာ ကျွန်တော့်အတွက် ကြီးမားတဲ့အောင်ပွဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဂါလာတာစာရေးအသင်းက အိုစီမန်ကို ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ



အစ္စတန်ဘူလ် ဇူလိုင် ၁၉

တူကီယဲ ထိပ်တန်းကလပ် ဂါလာတာစာရေး အသင်းက နာပိုလီအသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် အိုစီမန်ကို ပြောင်းရွှေ့ကြေး ယူရို ၇၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ အိုစီမန်သည် နာပိုလီအသင်း တာဝန်ရှိသူများနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ဂါလာတာစာရေးအသင်းထံ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုအခါ အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

အိုစီမန်သည် ယခုနှစ်ဘောလုံးရာသီတွင် ဂါလာတာစာရေးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၁ ပွဲ ပါဝင်ကစားခဲ့ကာ ၃၇ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခုနစ်ကြိမ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ကာ ဂါလာတာစာရေးအသင်း တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာ၌ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဂါလာတာစာရေးအသင်းက အစောပိုင်းကတည်းက အိုစီမန်ကို အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ပြီး မန်ယူအသင်းနှင့် သတင်းများထွက်ပေါ်ခဲ့သကဲ့သို့ ဆော်ဒီထိပ်တန်း ကလပ်အသင်းကြီးများကလည်း မြင့်မားသည့် လုပ်ခလစာများဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့ကြသည်။

အိုစီမန်ကိုယ်တိုင်က ဥရောပတွင်သာ ဆက်လက်ကစားလိုနေသည့်အတွက် ဆော်ဒီကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ပြီး ဂါလာတာစာရေးအသင်းတွင်သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ကာ ဂါလာတာစာရေးအသင်းကလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၇၅ သန်းဖြင့် ကမ်းလှမ်းခဲ့ပြီးနောက် နှစ်ဖက်အသင်းကြား သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မျိုးဆက်သစ်များပညာတတ်မြောက်မှုနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းတိုးတက်မှု

ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ်သုံးစွဲနိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်နိုင်ငံ၏အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကို အလေးထားသင့်သည်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။

**ပညာသည်သာလျှင်**

ဆိုရလျှင် စာမတတ်သူနှင့် ပညာနိမ့်ပါးသူတို့များပြားခြင်းသည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးပိုမိုဖြစ်ပေါ်စေသည်။ ပညာပြည့်ဝနှလုံးလှသူများဖြင့်သာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် စာမတတ်သူများပြားခြင်း၊ အလုပ်လက်မဲ့ပေါများခြင်းတို့သည် ရာဇဝတ်မှုများကို ထူပြောစေပြီး လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကိုလည်း ပိုမိုဖြစ်ပေါ်လာစေနိုင်သည်။ ထို့ပြင် လူညံ့၊ လူဆိုးများ အင်အားကြီးမားသည်နှင့်အမျှ လူ့အဖွဲ့အစည်းကိုလည်း ပြန်လည်ခြိမ်းခြောက်ပြီး အန္တရာယ်ပေးလာနိုင်သည်။

မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူမှာ သုံးသန်းခန့်သာရှိသည်။ မဟာဘွဲ့၊ ပါရဂူဘွဲ့များဆိုလျှင် ထိုအရေအတွက်ထက်နည်းပါးမည်ဖြစ်သည်။ အသက် ၂၅ နှစ်အထက် လူဦးရေ၂၅ သန်းကျော်ရှိရာ ၎င်းလူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်၌ပင် ကျောင်းထွက်ထားကြသူများဖြစ်သည်။ အများစုသည် အခြေခံပညာမူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သည်။

**ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ရေး**

လက်ရှိအချိန်တွင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တချို့သောဒေသများတွင် အခြေခံပညာကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ ကျောင်းသားမိဘများကို ခြိမ်းခြောက်ခြင်း၊ ပညာသင်ကြားပေးနေသောဆရာ၊ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ အချို့သော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများသည် အသက်ကိုပင်လျှင် ရန်ရှာခြင်းခံနေကြရသည်။ ထို့ပြင် အကြမ်းဖက်ထောက်ခံသူ တချို့သောမိဘများသည် အစိုးရကိုဆန့်ကျင်လျက် သား၊ သမီးများကိုကျောင်းတက်ခွင့်မပြုဘဲထားကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိရင်သွေးငယ်များ၏ အနာဂတ်ကိုဖျက်ဆီးနေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိသား၊ သမီးများ၏အနာဂတ်ကို မြော်တွေးလျက် ကျောင်းပုံမှန်တက်ရောက်ခွင့်ပြုသွားစေလိုသည်။ မျိုးဆက်သစ်ကလေးငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။ ထို့ပြင် မိဘအုပ်ထိန်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ တာဝန်သိပြည်သူများအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်ရန်ကြံစည်နေသူများ၏ သတင်းနှင့်လှုပ်ရှားမှုများကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များသို့ အချိန်မီအသိပေးသွားသင့်သည်။ စင်စစ်အားဖြင့် ကျောင်းသား၊ ကျောင်းသူအားလုံး ဘေးကင်းလုံခြုံပြီး ကျန်းမာပျော်ရွှင်စွာဖြင့်ပညာသင်ယူနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

**❖နိုင်ငံတစ်နိုင်ငံ၏အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့်အကောင်အထည်ဖော်လျက်ရှိသည်။ အမှန်တော့ အသိပညာရှင်၊ အတတ်ပညာရှင်ပေါ်များသောနိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ် အားလုံးတွင်ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။ ❖**

**သာယာကောင်းမွန်သောအနာဂတ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇွန် ၁၁ ရက်က ပြင်ဦးလွင်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်ကျောင်းသို့ရောက်ရှိစဉ် ကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများကိုတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် **"မိမိတို့နိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကိုကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့်ကလေးငယ်များကို အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကိုခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့်အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့်နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့်လူမှုဘဝကို ရရှိစေမည်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားသွားခဲ့သည်။

ဆိုရလျှင် နိုင်ငံတော်၏ အနာဂတ်သည်လူငယ်များလက်ဝယ်တွင်ရှိသည်။ လူငယ်များသည် ဆရာများ၏လက်ဝယ်တွင်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်သည် ဆရာများ၏ လက်ဝယ်တွင်ရှိသည်ဟုဆိုနိုင်သည်။ အမှန်တော့ အရည်အသွေးပြည့်ဝသည့်ဆရာများကသာ အေးချမ်းပြီးဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မသိသူကိုသိအောင်၊ မတတ်သူကိုတတ်အောင်၊ မကျွမ်းကျင်သူကိုကျွမ်းကျင်အောင်၊ မယဉ်ကျေးသူကိုယဉ်ကျေးအောင်၊ မလိမ္မာသူကိုလိမ္မာလာအောင် "စာကိုလည်းသင်၊ လူကိုလည်းပြင်" ပေးရမည့်သူများမှာ ဆရာများပင်ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာလူမှုအသိုက်အဝန်းတွင် ဆရာ၊ ဆရာမများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ "ဆရာမပြ နည်းမကျ"ဆိုသလို ဆရာ၊ ဆရာမများသည် တပည့်များ၏စံပြပုဂ္ဂိုလ်များပင်ဖြစ်သည်။ ထို့ပြင် တိုင်းပြည်တည်ဆောက်ရာတွင်လည်အခရာကျလျက်ရှိသည်။

**အမျိုးသားပညာရေးစီမံကိန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် တိုင်းပြည်အတွင်းပညာတတ်များ မွေးထုတ်နိုင်ရေးရည်မှန်းချက်ဖြင့် လက်ရှိအချိန်တွင် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခု၌ Ph.D သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူအားလုံးပညာများအမှန်တကယ်တတ်မြောက်ပြီး ပုံမှန်တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကိုမွမ်းမံသင်တန်းများ ပို့ချပေးရန်စီစဉ်လျက်ရှိသည်။ ဆရာ၊ ဆရာမများလိုအပ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှတတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန်စီမံလျက်ရှိသည်။

**တည်ငြိမ်အေးချမ်းတိုးတက်ရေး**

အမှန်တော့ လူတစ်ဦး၏ ဘဝတိုးတက်အောင်မြင်နိုင်မှုသည် ထိုသူ၏ပညာတတ်မြောက်ထားမှုအပေါ်တွင်များစွာမူတည်နေသည်။ ငယ်စဉ်က ပုံမှန်ကျောင်းပညာသင်ကြားခွင့်မရရှိခဲ့သော လူတစ်ဦးသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ခက်ခဲပင်ပန်းကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှားကြရသည်။ ထိုသဘောတရားအရ နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင်သာမူတည်လျက်ရှိသည်။ စင်စစ်အားဖြင့် ပညာရေးသည်လူသားအားလုံးအတွက် ပင်မဒေါက်တိုင်ဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများကို ငွေကြေးမြောက်မြားစွာအကုန်အကျခံလျက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည်တည်ငြိမ်အေးချမ်းတိုးတက်ပြီး အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့်အကောင်အထည်ဖော်လျက်ရှိသည်။ အမှန်တော့ အသိပညာရှင်၊အတတ်ပညာရှင်ပေါ်များသော နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင်ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။

ဆိုရလျှင် "ပညာသမာအာဘာနတ္ထိ-ပညာနှင့်တူသောအလင်းရောင်သည်မရှိ"ဟူသည့် ဆိုရိုးစကားရှိသည်။ ပညာတန်ဆောင်အလင်းရောင်ဖြင့် ဘဝကိုအောင်မြင်စွာတည်ဆောက်နိုင်ရေး၊ ပညာအလင်းကင်းမဲ့စွာဖြင့် အမိုက်မှောင်တွင်းသက်ဆင်းကျရောက်မသွားစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်တစ်ဦးအဖြစ် နိုင်ငံကိုအလုပ်အကျွေးပြုနိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များပညာသင်ယူခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေးဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အဆင့်မြင့်ပညာသင်ယူနိုင်သူအရေအတွက် တိုးတက်လာမှသာလျှင် လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၁၂-၆-၂၀၂၅ ရက်ထုတ်သတင်းစာများ။
- ၂၇-၆-၂၀၂၅ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ။

မောင်သောင်းဝင်း(တမန်ဟောင်း)

# ဂေါ်သဇင်ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၉**

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ဂေါ်သဇင် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ ဇူလိုင် ၁၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ကျော်ကျော်ဗိုက ပြောပြ၍ သိရသည်။

ဂေါ်သဇင် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စာရေးဆရာမ မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပါ။ စမတ်ကျကျနေတတ်တဲ့လုပ်ငန်းရှင်ပေါ့။ ပရိသတ်မြင်နေကျမဟုတ်တဲ့ ကာရိုက်တာလို့လဲပြောလို့ရပါတယ်။ ဇာတ်လမ်းတွဲဆိုတော့ ပရိသတ်စိတ်ဝင်စားအောင်၊ အချိတ်အဆက်မိအောင် ကြိုးစားရမှာပါ။ ဇာတ်လေးက ချစ်စရာကောင်းသလို ရိုမန့်ဒရာမာဇာတ်လေးပါ။ ဇာတ်လမ်းတွဲမှာ အပိုင်း ၂၅ ပိုင်းပါပြီးတော့ Mahar Application ကနေ မူပိုင်ဇာတ်လမ်းတွဲအနေနဲ့ ထုတ်လွှင့်ပေးသွားမှာပါ"ဟု သရုပ်ဆောင် ကျော်ကျော်ဗိုက ပြောပြသည်။

ဂေါ်သဇင် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ကျော်ဗို၊ စည်သူဝင်း၊ ဘုန်းရှိန်ခန့်၊ ရဲလွင်ဦး၊ သတ္တိ၊ မေမြင့်မိုရ်၊ ချိုမဒီသွင်၊ လှမျိုးသဥ္ဇာနွယ်၊ ဝါဝါအောင်၊ လှနုထွန်း၊ ဝါဝါမေမောင်၊ အေးသီတာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Little Brother ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး မီချဲမိုနာဟန် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၉**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Little Brother အမည်ရှိ ဟာသ အက်ရှင်ဇာတ်ကား၌ မင်းသမီး မီချဲမိုနာဟန်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

Little Brother ဇာတ်ကားတွင် မင်းသမီး မီချဲမိုနာဟန်သည် မင်းသား ဂျွန်ဆီနာ၊ အားရစ်အန်ဒရီတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Little Brother ဇာတ်ကားသည် မမျှော်လင့်ဘဲပေါ်ထွက်လာသည့် အတ္တကြီးသော ညီငယ်ကြောင့် နာမည်ကျော် အိမ်ခြံမြေပွဲစားတစ်ဦး ဒုက္ခရောက်ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကားတွင် မင်းသမီး မီချဲမိုနာဟန် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

Little Brother ဇာတ်ကားကို ဒါရိုက်တာ မက်စပိုက်ဆာက တာဝန်ယူရိုက်ကူးမည် ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျာရက်ပေါ်က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ဝင်းဝင်းဇာတ်လမ်းကို Mahar Application မှ မူပိုင်ဇာတ်လမ်းအဖြစ် HD Quality ဖြင့် ထုတ်လွှင့်ပေးသွားမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၁၉**

ဝင်းဝင်း ဇာတ်လမ်းကို Mahar Application မှ မူပိုင်ဇာတ်လမ်းအဖြစ် HD Quality ဖြင့် ဇူလိုင် ၂၇ ရက်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရဲရင့်သော်က ပြောပြ၍ သိရသည်။

ဝင်းဝင်း ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သင်းနံ့သာက ရေးသားထားပြီး ပြည့်ဖြိုးနိုင်(PPN ) က တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် တစ်ပိုင်းတည်းအပြီး ဒရာမာဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ ပေ့ါပေ့ါပါးပါး ချစ်စရာကောင်းတဲ့ ရိုမန့်ဒရာမာ ဇာတ်လမ်းဖြစ်ပါတယ်။ လူငယ်တွေကြားထဲက အချစ်ဇာတ်လမ်းလေး တစ်ပုဒ်ကို ပေ့ါပေ့ါပါးပါးလေးနဲ့ ချစ်စရာကောင်းအောင် ရိုက်ကူးထားပါတယ်"ဟု သရုပ်ဆောင် ရဲရင့်သော်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရဲရင့်သော်၊ မျိုးကိုကျော်၊ မျိုးစန္ဒီကျော်၊ ဖုန်းသီရိကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Bad Day ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကင်မရွန်းဒီအက် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၉**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Bad Day အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ကင်မရွန်းဒီအက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

Bad Day ဇာတ်ကားသည် ဘဝတစ်လျှောက် အခြေအနေအဆိုးရွားဆုံးနေ့တွင် သမီးဖြစ်သူအား ပေးထားသည့်ကတိတစ်ခုကို တည်ရန်ကြိုးစားခဲ့ရသော အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Bad Day ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ဆိုင်မင်စကီးက တာဝန်ယူရိုက်ကူးမည် ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို လော်ရာဆိုလွန်က ရေးသားပေးထားသည်။

Bad Day ဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း နယူးယောက်နှင့် နယူးဂျာစီမြို့တို့၌ စတင်ရိုက်ကူးရန် Netflix ကုမ္ပဏီက စီစဉ်ထားသည်။

မင်းသမီး ကင်မရွန်းဒီအက်သည် ရုပ်ရှင်လောကမှ ၁၀ နှစ်ကြာအနားယူခဲ့ပြီးနောက် Netflix ၏ Back in Action ဇာတ်ကားဖြင့် ယခုနှစ်အတွင်း ရုပ်ရှင်လောကထဲ ပြန်ဝင်လာသူ ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ဂုဏ် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လစတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၁၉**

ဂုဏ် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လစတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အေးမြတ်သူထံမှ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)နှင့် ကိုကျော်တို့က ခံစားရေးဖွဲ့ထားပြီး ကိုကျော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကျော်ဇောလင်း(အတွေးပုံရိပ်)က ပိုးပိုးရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"မိခင်တွေရဲ့ မေတ္တာ၊မိခင်တွေရဲ့ချစ်ခြင်းတရားကို ဖော်ကျူးထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ အမေနဲ့သားသမီးတွေကြားက ချစ်ခြင်းမေတ္တာ၊ သားဆိုပေမဲ့ သားမဖြစ်ဘဲ ကျားဖြစ်သွားတာတွေ၊ သမီးဆိုတာ ထီးမဖြစ်လာဘဲ မီးဖြစ်သွားကြတာတွေ အတွက် ရုန်းကန်ကြရတဲ့ အမေတွေရဲ့ဘဝတွေကို ရိုက်ကူးတင်ပြထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်" ဟု သရုပ်ဆောင် အေးမြတ်သူက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဖြိုးငွေစိုး၊ အေးမြတ်သူ၊ ခိုင်နှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ နော်ဖောအယ်ထား၊ ဝေလာရီ၊ ယွန်းရွှေရည်၊ ယမုံမြင့်မြတ်နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends 78th Anniversary Martyrs' Day




Senior General Min Aung Hlaing pays tribute to the martyrs.

**Nay Pyi Taw July 19**

The 78th Anniversary Martyrs' Day for 2025 was observed at the Martyrs' Mausoleum in Bahan Township, Yangon this morning. Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the ceremony and paid tribute to the Martyrs.

Also present were Joint SAC Secretary General Ye Win Oo, SAC members General Nyo Saw, Mahn Nyein Maung and Dr Hmu Htan, Union Chief Justice U Tha Htay, Chairman of the Central Committee to hold 78th Anniversary Martyrs' Day for 2025 Union Minister for Religious Affairs and Culture U Tin Oo Lwin, union ministers, U Maung Maung Ohn, U Chit Swe, Dr Thet Khaing Win, Yangon Chief Minister U Soe Thein, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, senior military officers from Office of Commander-in-Chief, the Yangon Command commander, deputy ministers, officials, members of the work committees and subcommittees to hold the Martyrs' Day, departmental personnel, families of martyrs and invited guests.

First, Senior General Min Aung Hlaing and party cordially greeted the family members of martyrs and guests.

The Senior General laid the wreath of the Republic of the Union of Myanmar at the mausoleum and paid tribute to late General Aung San and martyrs together with General Ye Win Oo, General Nyo Saw, Mahn Nyein Maung, General Kyaw Swa Lin and U Tin Oo Lwin.

Meanwhile, the State Flag was lowered to half-mast. The guard of Honour presented arms and military band played the last post. A two-minute silence was also observed and metta was dispensed.

Families of martyrs and representatives then laid wreaths and paid tribute.

Then those from Yangon Region government, political parties, heads of foreign missions to Myanmar and Charges d' Affaires of foreign embassies laid wreaths and paid tribute to General Aung San and martyrs, ***See Page 13***



Senior General Min Aung Hlaing greets a family member of a martyr.



Senior General Min Aung Hlaing greets a family member of a martyr.



Senior General Min Aung Hlaing greets a family member of a martyr.



Senior General Min Aung Hlaing greets a family member of a martyr.

*From Page 12*

followed by wreath laying of social organizations including Myanmar National Committee for Women’s Affairs, Myanmar Women’s Affairs Federation, Myanmar War Veterans Organization, Young Men's Buddhist Association, Myanmar Maternal and Child Welfare Association, Myanmar Music Association, Myanmar Red Cross Society, Myanmar Press Council, Union of Myanmar Interfaith Dialogue Organization, Young Men's Christian Association, *See Page 14*


General Aung San Family members pay tribute at the Martyrs’ Mausoleum.


U Ba Cho family member pays tribute at the Martyrs’ Mausoleum.


A diplomat lays a wreath at the Martyrs’ Mausoleum.


A diplomat pays tribute at the Martyrs’ Mausoleum.



Those paying tribute at the Martyrs’ Mausoleum.


Bishops pay tribute at the Martyrs’ Mausoleum.


Political party members paying tribute at the Martyrs’ Mausoleum.


Political party members paying tribute at the Martyrs’ Mausoleum.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects tasks to upgrade Waziya cinema into red carpet theatre, construction of Sarso Beikman

Senior General Min Aung Hlaing inspects Sarso Beikman construction site.

**Nay Pyi Taw July 19**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage including the SAC joint secretary, SAC members, union ministers and party, the chief minister of Yangon, the commander of Yangon Command, Chairman of the Myanmar Motion Pictures Association Director Kyi Soe Tun and officials, inspected the tasks to upgrade Waziya cinema into a red carpet theatre and construction of the Sarso Beikman in Yangon this morning.

**Upgrading Waziya cinema hall into red carpet theatre**

First, the Senior General and party arrived at the Waziya cinema of the Information and Public Relations Department of the Ministry of Information on Bogyoke Aung San Road in Kyauktada Township in Yangon and Union Minister for Information U Maung Maung Ohn reported to the Senior General on upgrading the cinema into a red carpet theatre including its background history, architectural distinctions, the upgrading process and benefits on completion of upgrading.

Then, Director U Kyi Soe Tun reported to the Senior General on the history of the cinema, screening of films in successive eras and maintenance of the building.

After hearing the reports, the Senior General inquired about interesting facts and gave instructions on the needs to upgrade the cinema to meet international standards, to carry out upgrading tasks systematically by collecting old photographs of the cinema and restoring it in its original architectural style and to arrange systematic parking lots and public pavements around the cinema and other needs.

Then, the Senior General and party inspected the cinema and gave necessary instructions on reports of officials.

The cinema was built in about 1923 and an ancient building constructed by combining French Beaux arts architectural styles between the 16th and 18th centuries. Plans are underway to upgrade the cinema into a red carpet theatre.

**Construction of Sarso Beikman**

Then, the Senior General and party proceeded to the construction site of Sarso Beikman to honour the Myanmar literati and writers on Bo Min Khaung Road in Ooyin Ward in Mingalar Taungnyunt township and inspected construction works.

During the inspection, the union minister for information reported to the Senior General on construction of the three-storey Sarso Beikman building, formation of committees for systematic construction, arrangement of exhibition booths in each floor and preparations for opening the Sarpay Beikman public library in the former three-storey building.

Regarding the presented explanations, the Senior General stated that it's crucial to systematically carry out the work to ensure completion within the designated period and to construct high-quality buildings. He emphasized that once the Sarpay Beikman building is finished, photographs and historical documents should be displayed clearly. He noted that the Sarpay Beikman Public Library building is intended to enhance public knowledge and promote reading habits, so arrangements must be made to ensure a quiet environment for studying and reading. Furthermore, he directed that in addition to the construction work, efforts should be made to ensure the surrounding environment is green, lush, clean, and beautiful, and provided other necessary instructions.

Afterward, the Senior General inspected the progress of the construction work within the Sarpay Beikman building site. He then provided necessary guidance based on the presentations from the officials.

The Sarpay Beikman building is being constructed as a three-story structure and once completed, it will feature exhibits with historical photographs documenting literary development, reading rooms and a library, exhibition halls displaying historical musical arts, palm-leaf manuscripts, historical poems, books and literature that have won literary awards, and statues of renowned poets from Myanmar's three prominent eras, as well as literary scholars and poets who have received lifetime literary awards.

The former Sarpay Beikman Library, which was located on the first floor of the three-story Sarpay Beikman building, will now be renovated and reopened as the Sarpay Beikman Public Library. This initiative, guided by the Senior General, aligns with Sarpay Beikman's motto, "Dispelling Darkness, Bringing Light." It aims to enhance citizens' knowledge, support the development of Myanmar literature, provide public enlightenment, and promote reading habits, in response to the growing population and urban development. 100



Political party members paying tribute at the Martyrs' Mausoleum.

*From Page 13*

Noble Heart Rescue, Myanmar Medical Association, Myanmar-India Friendship and Development Association, Myanmar Scouts Federation, Myanmar Muslim National Affairs Organization, Myanmar Writers Association, Myanmar Publishers and Booksellers Association, Myanmar Journalist Association, All Myanmar Hindu Central Council, Sanatan Dharma Palaka (Hindu) Organization, Myanmar Arts and Crafts Association, Muslim Ulama Organization, Myanmar Muslim Religious Scholars Organization, Full Gospel Assembly Church, Republic of the Union of Myanmar Islamic Religious Affairs Council, Myanmar Muslim Youth Organization, Myanmar Thabin Association (Central), Myanmar Engineer Council, Myanmar Baptist Convention, Myanmar Women Entrepreneurs Association, Myanmar Poe Kakyin Baptist Convention, Asho Chin Baptist Conference, Catholic Bishops' Conference of Myanmar, Myanmar Architect Council, Myanmar Motion Picture Association, Myanmar Border Area Development Association, Lay Kyun Thu Foundation and Myanmar Consumers Union.


Afterwards, attendees including monks, students, local populace in procession paid tribute to the martyrs in memory of the gratitude they owed to them.

On this day, Union Flags were flown at half-mast in the entire country and MRTV and Myawady TV played siren sounds at 10.37am, the time when martyrs were assassinated.

People also visited Bogyoke Museum and the Secretariat today. 100

# "All citizens and national brethren have to work together in unity and solidarity, following the path envisioned by General Aung San."

## Chairman of the State Administration Council, Commander-in-Chief of Defence Services Senior General Min Aung Hlaing



Senior General Min Aung Hlaing answers state-owned media questions.

A ceremony to mark the 78th Anniversary of Martyrs' Day 2025 took place at the Martyrs' Mausoleum in Bahan Township of Yangon at 8 am on 19 July, attended by Chairman of the State Administration Council, Commander-in-Chief of Defence Services Senior General Min Aung Hlaing who paid tribute to the Martyrs.

At the ceremony, State-owned media raised questions to the Senior General. The replies of the Senior General were reported as follows: -

"General Aung San led the struggle for Myanmar's independence, and after achieving independence, he envisioned building Myanmar into a nation that could stand proudly on an equal footing with the rest of the world. This vision is clearly reflected in many of his speeches. It is now the responsibility of all Myanmar citizens to work together toward realizing that goal. As we join hands in this effort, it is important that we act with unity and a genuine commitment to the betterment of our country. General Aung San and his comrades sacrificed their lives for this cause. Furthermore, the true value of a country lies in its independence, and beyond that, in its development and progress. However, this must be achieved through a system based on discipline and order. Without such discipline, if things are done haphazardly and without structure, it can pose a danger to the nation. That is why I want to emphasize that all citizens and all national brethren must move forward together in unity and solidarity, following the path envisioned by General Aung San." MNA

# Tatmadaw columns provide necessary assistance for IDPs to return and reside in Nawnghkio


Local people welcome Tatmadaw members.


Tatmadaw provides food for local people.

**Nay Pyi Taw July 19**

The Tatmadaw has been conducting counter-terrorism operations across regional military command areas to ensure the peaceful livelihood of the people. On July 16, the Tatmadaw successfully regained full control over areas around the Taungkham region and Nawnghkio town, which had been temporarily occupied by terrorist insurgents. The local ethnic residents of Nawnghkio have welcomed this development with joy and support.

Additionally, on July 18, efforts were made to reopen government administrative offices in Nawnghkio. Responsible officials from relevant administrative organizations, along with aid supplies, food provisions, and essential items donated by the Shan State Government, Mandalay Region Government, and charitable donors, arrived to restore administrative functions. These efforts aim to support the education, healthcare, and socio-economic development of local ethnic communities. Security forces are also working to clear landmines—planted by ruthless terrorists—and ensure territorial safety so that internally displaced persons (IDPs) can return home safely and resume their livelihoods without danger.

Today, in the morning, a Tatmadaw column conducting mine clearance and security operations in Nawnghkio Township reached Laung Hpan Village, about seven miles northwest of Nawnghkio. There, they met with local ethnic residents who had been forced to abandon their homes and valuable belongings when terrorists temporarily seized the town. The locals warmly welcomed the Tatmadaw troops and requested assistance to facilitate their return and resettlement.

In response, security personnel and responsible officials arranged transportation, distributed food supplies, helped relocate belongings, and provided other necessary support. The IDPs expressed happiness and gratitude as they returned to their homes. Their voices were heard like this. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးညိုစောၢမန်းငြိမ်းမောင်၊ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချစဉ်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို ဦးအောင်သန်း၏မြေး ဦးရဲအောင်သန်းက လွမ်းသူ့ပန်းခွေချ၍ဂါရဝပြုစဉ်။


သခင်မြ၏ ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။


ဒီးဒုတ်ဦးဘချို၏ဂူဗိမာန်၌ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ၍ဂါရဝပြုစဉ်။


ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်း၏မိသားစုဝင်ကိုယ်စား အာဇာနည်နေ့အခမ်းအနားကျင်းပရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ၍ဂါရဝပြုစဉ်။



မန်းဘခိုင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ၍ဂါရဝပြုစဉ်။


မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဦးရာဇတ်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီးနောက် နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့်သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)၊ **စာမျက်နှာ ၁၈ သို့**




လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

စာမျက်နှာ ၁၇ မှအဆက်

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း၊ ခရစ်ယာန်ကလျာဏယုဝအသင်း (YMCA)၊ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံဟိန္ဒူဗဟိုအဖွဲ့ချုပ်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ ဖူလ်းဂေါ်စပယ်အသင်းတော် အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစ္စလာမ်သာသနာ့ရေးရာကောင်စီဌာနချုပ်၊ မြန်မာမွတ်စလင်လူငယ်များအဖွဲ့ချုပ်၊မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံပိုးကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၊အရှိုချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတော် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မြန်မာစားသုံးသူသမဂ္ဂတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာအသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥဩဆွဲအချက်ပေးခဲ့သည်။

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး(အတွင်း ဝန်ရုံး)များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား၊ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြစဉ်။









နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွှမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက လွှမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။

# “ ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်း တိုင်းသူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ကိုင်သွားကြဖို့ လိုပါတယ် ”

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်




၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံပိုင်မီဒီယာများက အာဇာနည်နေ့ အခမ်းအနားနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ ပြန်လည်ဖြေကြားမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

“ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်၊ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ ပြောကြားချက်တွေမှာ အများကြီးပါပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်။ ဝိုင်းဝန်းကြိုးစားတဲ့အခါမှာလည်း အားလုံးညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကို တကယ်ကောင်းအောင် လုပ်မယ့်စိတ်နဲ့ လုပ်ကြတာကောင်းပါတယ်။ ဗိုလ်ချုပ်တို့က အသက်စွန့်ပြီးတော့၊ အသက်ပေးပြီးတော့လုပ်သွားကြတာပါ။ ဒါ့ပြင် တိုင်းပြည်ရဲ့တန်ဖိုးကလွတ်လပ်ရေးပါ၊ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒါတွေရှိတယ်။ သို့သော်လည်း စည်းနဲ့ကမ်းနဲ့ဖြစ်တဲ့စနစ်မျိုးတော့ ဖြစ်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် အန္တရာယ်လည်းရှိပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ တိုင်းသူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကိုင်သွားကြဖို့လိုပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်”ဟုပြောသည်။

(သတင်းစဉ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား အဆင့်မြှင့်တင်ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှအဆက်**

အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရုပ်ရှင်ရုံ၏နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးပါက ရရှိလာနိုင်မည့်အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းက ဝဇီရာရုပ်ရှင်ရုံသမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက်ရုပ်ရှင်ဇာတ်ကားများပြသခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး ရုပ်ရှင်ရုံအား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီသည့် ရုပ်ရှင်ရုံတစ်ခုအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံ၏ ယခင်မူလမှတ်တမ်းဓာတ်ပုံများအား ပြန်လည်စုဆောင်း၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ရုပ်ရှင်ရုံပတ်ဝန်းကျင်၌ ကားရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာမှုအဆင်ပြေစေရေး လူသွားစင်္ကြံများအား စနစ်တကျဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ခုနှစ်ခန့်တွင်တည်ဆောက်ထားရှိခဲ့ပြီး၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်ရေး

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့်စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံအား သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိမှု၊ အဆောက်အအုံအား စနစ်တကျတည်ဆောက်နိုင်ရေးကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့က စစ်ဆေးဆောင်ရွက်လျက်ရှိမှု၊စာဆိုဗိမာန်အား အထပ်အလိုက်ပြခန်းများ ခင်းကျင်းပြသနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ယခင် သုံးထပ်အဆောက်အအုံအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် အဆောက်အအုံများဖြစ်စေရေးစနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ စာဆိုဗိမာန်ဆောက်လုပ်ပြီးစီးပါက ဓာတ်ပုံများနှင့် သမိုင်းအထောက်အထား စာရွက်စာတမ်းများအား ခင်းကျင်းပြသရာတွင် ကြည်လင်ပြတ်သားစွာပြသထားရှိနိုင်ရန် လိုကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဆောက်အအုံအား ပြည်သူများ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များတိုးပွားစေရန်ရည်ရွယ် ဆောင်ရွက်စေခြင်းဖြစ်သဖြင့် ဆိတ်ငြိမ်စွာဖြင့် စာပေဖတ်မှတ်လေ့လာနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ အဆောက်အအုံ လုပ်ငန်းများအပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကိုလည်း စီမံဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့်စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ ပေပုရပိုက်များခင်းကျင်းပြသမည့်ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှစာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့်ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည်ဖြစ်သည်။

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် သုံးထပ်အဆောက်အအုံ၏ ပထမထပ်တွင်တည်ရှိပြီး ယခုတိုးတက်လာသည့်လူဦးရေနှင့်မြို့ပြဖွံ့ဖြိုးမှု အခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် “အမှောင်ခွင်း၍အလင်းဆောင်အံ့”ဟူသော စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာတိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့်စာဖတ်သည့် အလေ့အကျင့်များတိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၇၈ နှစ်မြောက် အာဇာနည်နေ့ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၇၈ နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော် အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနားကိုယနေ့နံနက် ၇နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(ယခင် အတွင်းဝန်ရုံး)၌ ကျင်းပသည်။



အခမ်းအနားသို့ ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး နှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်း နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကိုအလေးပြုကာ ဝမ်းနည်းခြင်းအထိမ်း အမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့လျှော့ချလွှင့်ထူ၍ နှစ်မိနစ် ငြိမ်သက်စွာ ဂါရဝပြုကြသည်။

ယနေ့တွင် ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ သည့်အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅နာရီထိ အများပြည်သူလာရောက်လေ့လာ နိုင်ရန် တစ်ရက်တာအခမဲ့ အထူးဖွင့်လှစ် ပြသခဲ့သည်။

အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အစည်းအဝေးခန်းမအတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျန်ရှိခဲ့ သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံ သမိုင်းကြောင်း၊ သက်တမ်းရာကျော်ရှိ သည့် ပါလီမန်အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထား မှုကို လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူနှင့် ကျောင်းသား၊ ကျောင်းသူ များ ယမန်နှစ်ကထက် များပြားခဲ့ပြီး ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုမှုမှ အမှတ်တရလက်ဆောင်များ ပေးအပ်သည့် အထူးအစီအစဉ်တွင်လည်း စိတ်ဝင်တစား ပါဝင်ဖြေဆိုကြသူများ များပြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာသည့် ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် အထူးစည်ကား

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျရောက် သည့် ၇၈ နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက် လမ်း(ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ် အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာ ကြသည်။





မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ် အောင်ဆန်းနေထိုင်ခဲ့သော နေအိမ်ပြတိုက် တွင် အာဇာနည်နေ့၌ နံနက် ၇ နာရီမှ ညနေ ၅ နာရီထိ အထူးပြပွဲအပါအဝင်ပြခန်းများ ကို ခင်းကျင်းပြသထားပြီး တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်တို့မှအပ ကျန် နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ယခုနှစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် တွင် အများပြည်သူတို့ကို ပြကွက်သုံးမျိုး ဖြင့် ခင်းကျင်းပြသခဲ့ရာ ပြကွက်တစ်အဖြစ် ပြတိုက်၏ အတက်လမ်း၌နတ်မောက်မြို့ တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၊ ရန်ကုန်မြို့တွင်ရှိသည့် ဗိုလ်ချုပ် အောင်ဆန်းပြတိုက်၊ ဗိုလ်ချုပ်၏ ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံ့ ခေါင်းဆောင်ဘဝ၊ မိသားစုဘဝ၊ စျာပန အခမ်းအနား၊ ဗိုလ်ချုပ်ကျဆုံးခဲ့သည့် အတွင်းဝန်များရုံး၊ဗိုလ်ချုပ်ကျဆုံးချိန်တွင် ကျန်ရှိခဲ့သောပစ္စည်းများ၊ ဗိုလ်ချုပ် အောင်ဆန်းပုံပါငွေစက္ကူနှင့် အကြွေစေ့ များ၊တံဆိပ်ခေါင်းများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများ စသည့် သမိုင်းအချက်အလက်ဆိုင်ရာ ပြကွက်ပေါင်း ၃၀ ကို All in one board များ ဖြင့် ပြသထားသည်။

ပြကွက်နှစ်အဖြစ် ပြတိုက်အထွက် လမ်း၌ မြန်မာပြည်မြေပုံနှင့်အာဇာနည် ကိုးဦးပုံ၊ဗိုလ်ချုပ်အောင်ဆန်း၏မှတ်တမ်း ဓာတ်ပုံများ၊ မေယုစစ်သင်္ဘောမှတ်တမ်း ဓာတ်ပုံများ၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ သွေးသစ္စာဆိုခဲ့သည့်မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်နေအိမ်ထမင်းစားခန်းတွင်အသုံး ပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းပုံများ၊ ဗိုလ်ချုပ်အိပ်ခန်းအတွင်းမှ ခရီးဆောင် သားရေသေတ္တာနှင့် ဗိုလ်ချုပ်ဝတ်ဆင်ခဲ့ သော အဝတ်အစားမှတ်တမ်းဓာတ်ပုံများ၊ ကလေးများအခန်း ဗီရိုအတွင်းရှိ အောင်ဆန်းလင်းဝတ်ဆင်ခဲ့သည့် အဝတ် အစားမှတ်တမ်းဓာတ်ပုံများ စသည်တို့ကို Permanent Board ပေါ်၌ UV Sticker Vinyl များဖြင့် ပြသထားသည်။

ပြကွက်သုံးအဖြစ် IT နည်းပညာများ ဖြစ်သည့် Holographic နည်းပညာနှင့် ဖန်တီးပြသထားသော သမိုင်းဝင်မြန်မာ့ ရေတပ်မေယုစစ်သင်္ဘော၏ မှတ်တမ်း ဓာတ်ပုံများ၊ ဗိုလ်ချုပ်၏စျာပနအခမ်း အနား၊ဝန်ကြီးများရုံးအတွင်းရှိဗိုလ်ချုပ်တို့ နောက်ဆုံးပြုလုပ်ခဲ့သော အစည်းအဝေး ခန်းမမှတ်တမ်းပြကွက်များ၊ ဗိုလ်ချုပ် ဝတ်ဆင်ခဲ့သည့်ကုတ်အင်္ကျီကိုအဘက်ဘက် မှကြည့်ရှုလေ့လာနိုင်သောပြကွက်၊ဗိုလ်ချုပ် အောင်ဆန်းနေအိမ်၏ ဗီရိုများအတွင်းရှိ ပစ္စည်းများအား Offline Web Page ဖြင့် ပြသထားသော ပြကွက်နှင့်လူငယ်များ အတွက် ဉာဏ်စမ်းပဟေဠိကဏ္ဍတို့ကို Touch Screen များနှင့်ပြသသည့်ပြကွက် များဖြင့် ဖန်တီးပြသထားသည်။

"၇၈ နှစ်မြောက် အာဇာနည်နေ့မှာ အများပြည်သူ အမြဲအမှတ်တရရှိစေဖို့နဲ့ အသိပညာဗဟုသုတရရှိကြစေဖို့ရည်ရွယ် ပြီး ပြတိုက်ပိုင်းဆိုင်ရာပြကွက်များကို ခင်းကျင်းပြသထားပါတယ်။ ဗိုလ်ချုပ် အောင်ဆန်းပြတိုက်ကို လာရောက် လေ့လာတဲ့ အခါမှာပုံမှန်အထူးပြပွဲမှာပြသ လေ့ရှိတဲ့ယာယီပြကွက်တွေနဲ့ ခေတ်မီ နည်းစနစ်နဲ့ ပေါင်းစပ်ထားတဲ့ပြကွက်တွေ အပြင်ဒီနှစ်မှာထူးထူးခြားခြားတစ်နှစ်ပတ် လုံးလေ့လာကြည့်ရှုနိုင်အောင် Permanent Board ပေါ်မှာ UV Sticker Vinyl တွေနဲ့ အမြဲပြသသွားမှာဖြစ်ပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြည့်ရှုသူတွေအတွက် အသိပညာဗဟုသုတများစွာရရှိစေမှာဖြစ် ပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိ လေးက ပြောပြသည်။

ပြတိုက်မြေညီထပ်တွင် ဗိုလ်ချုပ် ထမင်းစားခန်းနှင့် ဧည့်ခန်း၊ ပြတိုက်အပေါ် ထပ်တွင် ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ်၏ အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ် အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်၌ စာဖတ်ခန်း တို့ကိုပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရိုနှင့် မှန်တင်ခုံ တို့ကိုပြသထားသည်။ ထိုအခန်းခေါင်းရင်း ၌ ကြောင်လိမ်လှေကားဖြင့် တက်ရသည့် တတိယထပ်တာဝါရှိ ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစုပူဇော်ခဲ့သည့် ဒက္ခိဏာသာ ခါဆင်းတုတော်နှင့် ကျောင်းဆောင်ပုံတော်၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစား များနှင့် ခရီးဆောင်သားရေအိတ်တို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏သားသမီးများ အိပ်ခန်း အနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း ၌ ဆက်တီတစ်စုံနှင့် နံရံတွင် ဗိုလ်ချုပ် မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသ ထားပြီး ကလေးအိပ်ခန်းအနောက်ဘက် တံခါးရှိ ပြတိုက်စကြံလမ်းမှ ပြတိုက် အောက်သို့ကွေ့၍ ပြန်ဆင်းပါက ရေကန် အနီး၌ စိုက်ခင်းပြကွက်တွင် သီးပင်စား ပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ်အောင်ဆန်း ၏ ရုပ်တုပုံကို ပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ၏ အထွက်လမ်းရှိ နည်းပညာပြကွက် (Digital Exhibition)တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ပတ်သက်သည့် မေးခွန်းပေါင်း ၂၀ ကို ဖြေဆိုခြင်းဖြင့် အမှတ်တရ လက်ဆောင်ခြောက်မျိုးကို ချီးမြှင့်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားပါဝင် ဖြေကြားကြသည်။

ယနေ့ ၇၈ နှစ်မြောက် အာဇာနည်နေ့ တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ကို ပြတိုက်အတွင်းခင်းကျင်းပြသမှုအပြင် နည်းပညာပြကွက်နှင့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်တို့ဖြင့် ကြည့်ရှုလေ့လာသူများ အတွက် စုံလင်စွာဆောင်ရွက်ထားသည့် အတွက် ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင် တစား လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(၂) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်များနှင့် အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ အန္တရာယ်ဖြစ်စေသည့်၊ အခြားသောအန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်လာသော ရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးထားသော ရေလမ်းကြောင်းအတိုင်း သွားလာခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ နိုင်ငံတကာ သဘောတူစာချုပ်များနှင့်အညီ သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်း အစီအမံများကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရွက်စာတမ်းများ သယ်ဆောင်လာခြင်း ရှိ မရှိ စစ်ဆေးခြင်း။

(ခ) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် –

(၁) နျူကလီးယားစွမ်းအင် ဘေးကင်းလုံခြုံစွာ အသုံးချရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏တည်ဆဲဥပဒေများ၊ နိုင်ငံတကာသဘောတူစာချုပ်များ၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency) ၏ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများကို နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ဆေးခြင်း၊

(၂) စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသော ရေယာဉ်ပျက်တစ်စီးစီးကို တွေ့ရှိပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်း။

(ဂ) ပင်လယ်ဆိပ်ကမ်းသို့ ဝင်ရောက်လာသောရေယာဉ်အား ပင်လယ်ရေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(ဃ) ရေလမ်းကြောင်းပြအထောက်အကူပြုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း။

၁၃။ နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့် ရေယာဉ်သည် အောက်ပါ သတင်းအချက်အလက်များကို ရေယာဉ်သတင်းအချက်အလက်အစီရင်ခံစနစ်အရ ကမ်းခြေစောင့်တပ်ဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီပေးပို့ရမည်–

(က) ခရီးစဉ်အစီအစဉ်၊

(ခ) တည်နေရာသတင်းပို့ချက်၊

(ဂ) ဦးတည်လမ်းကြောင်းပြောင်းလဲမှုသတင်းပို့ချက်၊

(ဃ) ရောက်ရှိမှုသတင်းပို့ချက်၊

(င) သယ်ဆောင်လာသော ကုန်စည်အမျိုးအစားစာရင်း၊ ခရီးသည်စာရင်းနှင့် ရေယာဉ် အမှုထမ်းစာရင်း၊

(စ) ကမ်းခြေစောင့်တပ်ဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အချက်အလက်များ။

## အခန်း (၇)
## အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်း

၁၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် –

(က) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသည့် လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော အဏ္ဏဝါ သဘာဝသယံဇာတများကို တရားမဝင်စူးစမ်းရှာဖွေခြင်း၊ ဖမ်းယူခြင်း သို့မဟုတ် တူးဖော်ထုတ်လုပ်ခြင်းတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ခ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ညစ်ညမ်းစေသည့် သို့မဟုတ် ပျက်စီးဆုံးရှုံးစေသည့် ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း မသင်္ကာဖွယ် တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ် သို့မဟုတ် လူပုဂ္ဂိုလ်ကိုစစ်ဆေးခြင်း၊

(ဂ) စက်မှုလုပ်ငန်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင်သောလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်တစ်ခုခုကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော ရေပေါ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပင်လယ်ဆိပ်ကမ်း သို့မဟုတ် ရေယာဉ်က ဘေးအန္တရာယ်ဖြစ်စေသော သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော အငွေ့၊ အရည် သို့မဟုတ် အစိုင်အခဲကို နည်းလမ်းတကျ စွန့်ပစ်ခြင်းမပြုကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ထိုလုပ်ငန်းရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကိုဖြစ်စေ စစ်ဆေးခြင်း၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင်သော အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို တရားမဝင်လုပ်ကိုင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက စစ်ဆေးခြင်း –

(၁) ငါးလုပ်ငန်း၊

(၂) ပုလဲထုတ်လုပ်ရေးလုပ်ငန်း၊

(၃) အဏ္ဏဝါသဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊

(၄) အဏ္ဏဝါခရီးသွားလုပ်ငန်း သို့မဟုတ် ပင်လယ်ပြင်ကိုအခြေခံသော ခရီးသွားလုပ်ငန်း၊

(၅) ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ဓာတ်သတ္တုသယံဇာတတူးဖော်ရေးလုပ်ငန်း၊

(၆) ပင်လယ်ရေကြောင်းဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်း၊

(၇) ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်း၊

(၈) အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်း၊

(၉) အဏ္ဏဝါသဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း၊

(၁၀) ပင်လယ်ရေအောက် သမိုင်းအမွေအနှစ် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း။

(င) ပင်လယ်ပြာစီးပွားရေးလုပ်ငန်း သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တောင်းခံပါက သဘောထားမှတ်ချက်ပေးခြင်း၊

(စ) အဏ္ဏဝါအရင်းအမြစ် ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် ယင်းနယ်မြေများအတွင်း အဏ္ဏဝါသဘာဝသယံဇာတများ၊ အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ရေပြင်နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် နိုင်ငံတော်ကိုယ်စား လျော်ကြေးတောင်းခံခြင်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဌ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ထိခိုက်စေသည့် ဖြစ်ရပ် သို့မဟုတ် ညစ်ညမ်းမှုတစ်ခုခုပေါ်ပေါက်ကြောင်း သတင်းပေးသူ သို့မဟုတ် တုံ့ပြန်ဆောင်ရွက်သည့်အဖွဲ့အစည်းကို ဆုကြေးပေးနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဍ) ရေထုညစ်ညမ်းမှု တုံ့ပြန်ရေးဆောင်ရွက်ရာတွင် လေကြောင်း ပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

## အခန်း (၈)
## ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး

၁၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် –

(က) အမျိုးသားအဆင့် ရှာဖွေကယ်ဆယ်ရေးစီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပင်လယ်ရေကြောင်း ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး သတင်းအချက်အလက်များဖလှယ်ခြင်း၊

(ဂ) ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာ လေ့ကျင့်မှုကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကို အသင့်အနေအထားဖြစ်စေရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

## အခန်း (၉)
## ပူးပေါင်းဆောင်ရွက်ခြင်း

၁၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် –

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် တာဝန်ပေးအပ်ပါက နိုင်ငံတကာပင်လယ်ပြင် (High Seas) တွင်ဖြစ်စေ၊ နိုင်ငံတော်၏စီရင်ပိုင်ခွင့်အာဏာပြင်ပရှိ နေရာတစ်ခုခုတွင်ဖြစ်စေ ပင်လယ်ဓားပြမှု တားဆီးနှိမ်နင်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို တပ်မတော်(ရေ)၊ သက်ဆိုင်ရာပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်၏ကုန်းတွင်းပိုင်းတစ်နေရာရာတွင် လူပုဂ္ဂိုလ်တစ်ဦးဦးက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း သတင်းရရှိပါက ယင်းပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်ပြင်ပသို့ ထွက်ပြေးတိမ်းရှောင်သည့် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ရေယာဉ်ကိုဖမ်းဆီးရန် ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံသို့ အကူအညီတောင်းခံခြင်း သို့မဟုတ် အခွင့်အာဏာလွှဲအပ်ခြင်းပြုနိုင်သည်။

(ဃ) ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး သို့မဟုတ် သက်ဆိုင်ရာအလံတင်နိုင်ငံ၏ တောင်းဆိုချက်အရ နိုင်ငံတကာပင်လယ်ပြင်တွင် ရောက်ရှိနေသော ရေယာဉ်ပေါ်ရှိ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီး၍အရေးယူနိုင်ရန် သက်ဆိုင်ရာနိုင်ငံ၏အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ 

*(ဆက်လက်ဖော်ပြပါမည်)*

# “မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

မောင်မိုး

**ယမန်နေ့မှအဆက်**

**ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုး**

**ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးသည် မြန်မာနိုင်ငံ၏အသက်သွေးကြောနှင့်**





**ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်ကရဲရင့်သောစွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ ကြီးမားသောစိန်ခေါ်မှုများအပေါ်ကျော်လွှားနိုင်မှုများနှင့်အနာဂတ်အတွက် လှပတင့်တယ်သောမျှော်လင့်ချက်များကို ကိုယ်စားပြုသည်။** ပြည်ထောင်စုဟူသည် နိုင်ငံတစ်ဝန်းလုံးရှိလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့၏ ညီညွတ်မှု၊ စည်းလုံးမှု၊ ဂုဏ်သိက္ခာနှင့် တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ပထဝီအနေအထားအရ မတူကွဲပြားသော တောတောင်ရေမြေသဘာဝအနေအထားများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများ ကွဲပြားကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏အင်အားကိုပြသပြီး




တစ်သားတည်းရှိသောစိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အတွင်း ကြုံတွေ့ရင်ဆိုင်လာသည့် မည်သည့်အခက်အခဲများမဆို ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ပူးပေါင်းဖြေရှင်းကျော်လွှားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့သည့် သမိုင်းကြောင်းမှသည် ယနေ့နိုင်ငံတစ်ဝန်း ခိုင်မာသော ငြိမ်းချမ်းရေးတည်ဆောက်






ခြင်းနှင့် သဘာဝဘေးဒဏ်ကြီးများမှ ပြန်လည်ရုန်းထရေးအထိ ပြည်ထောင်စုစိတ်ဓာတ်ခွန်အားဖြင့် ချီတက်လျှောက်လှမ်းရန်လိုအပ်မည်ဖြစ်သည်။ ဤတန်ဖိုးကြီးကိုထိန်းသိမ်းရန်နှင့် အကောင်အထည်ဖော်ရန်မှာ အစိုးရတစ်ရပ်တည်း၏တာဝန်သာမက နိုင်ငံသားတိုင်း၊ လူမှုအဖွဲ့အစည်းတိုင်း၊ တိုင်းရင်းသားတိုင်း၏တာဝန်ဝတ္တရားများဖြစ်သည်။

**အစမ်းသပ်ခံ မြန်မာ့တန်ဖိုး**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ယူကျင်းပခဲ့သည့် အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မဲဆန္ဒရှင်စာရင်းကို မမှန်ကန်သောနည်းလမ်းများဖြင့် မဲအရေအတွက်တိုးမြှင့်ခဲ့ခြင်း၊ အချို့သော မဲဆန္ဒနယ်များတွင် မဲပေးခြင်း လုပ်ငန်းစဉ်များကို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ခြင်း၊ မဲရလဒ်များကို မှတ်တမ်းတင်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း စသည်တို့ကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အာဏာကို မတရားနည်းဖြင့်ရယူရန် ကြိုးပမ်းခဲ့ကြသည်။ ဤအခြေအနေတွင် မြန်မာ့တပ်မတော်အနေဖြင့် အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီစနစ်ကို ကာကွယ်ရန်အလို့ငှာ နိုင်ငံတော်စီမံ

**ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးသည် မြန်မာနိုင်ငံ၏အသက်သွေးကြောနှင့် ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်က ရဲရင့်သောစွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ ကြီးမားသောစိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မှုများနှင့် အနာဂတ်အတွက် လှပတင့်တယ်သောမျှော်လင့်ချက်များကို ကိုယ်စားပြုသည်။**

အုပ်ချုပ်ရေးတာဝန်များကို လက်လွှဲယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တစ်ပြိုင်နက်တည်းတွင်ပင် ပယောဂမကင်းသော မူဝါဒကွဲပြားမှုများ၊ လူမျိုးရေးကွဲပြားမှုများ၊ နိုင်ငံရေးစနစ်ကွဲပြားမှုများကိုပုံကြီးချဲ့ပြီး ပဋိပက္ခပိုမိုကြီးထွားအောင် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့နေရသည်။ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးစိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲနေသော အင်အားစုများကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းတွင် သိက္ခာရှိရှိရပ်တည်နိုင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးစားထိန်းသိမ်းဆောင်ရွက်ကာ ရှေ့လုပ်ငန်းစဉ်များအတိုင်း မဆုတ်မနစ်ချီတက်လျက်ရှိသည်။ သို့ရာတွင်အမျိုးမျိုးသောသွေးထိုးလှုံ့ဆော်အားပေးအားမြှောက်မှုများကြောင့် ယနေ့ထက်တိုင် အကျိုးဆက်အနေဖြင့် ပြည်သူလူထု၏စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ်အနည်းနှင့်အများ ထိခိုက်စေခဲ့သည်။ တစ်နည်းဆိုရသော် အခြေအနေအရပ်ရပ်ကြားတွင် မြန်မာ့တန်ဖိုးစံနှုန်းများ ဆေးရေးမှေးမှိန်ခဲ့ရသည်။

နိုင်ငံရေးမတည်ငြိမ်မှုနှင့်အတူ မြန်မာနိုင်ငံ၏ခံနိုင်ရည်နှင့် ပြန်လည်ထူထောင်ရေးစွမ်းရည်ကိုစမ်းသပ်ခဲ့သည့် ပြင်းထန်သောသဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယနေ့မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံမှာလည်း ၂၀၂၃ ခုနှစ် မေလမှာ မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ ရာဂီမုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးများကို ရင်ဆိုင်ကျော်လွှားခဲ့ကြရသည်။

ထို့အတူ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် မွန်းလွဲပိုင်း၌ အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာအသွေးအရောင်မခွဲခြား၊ အသက်အရွယ်မပိုင်းခြား၊ နိုင်ငံရေးအရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနှင့် တိရစ္ဆာန်များအပေါ် သက်ရောက်မှုကြီးမားစွာဖြစ်ပေါ်ခဲ့ရသည်။ ငလျင်ဘေးသင့်ဒေသများမှ ပြည်သူများ၏လူမှုစီးပွားဘဝများ၊ အခြေခံအဆောက်အဦ၊ လမ်း၊ တံတားအပါအဝင် အမြတ်တနိုးတန်ဖိုးထားကိုးကွယ်ရာဖြစ်သည့် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပုထိုးတွေများစွာ မြေခလဲပြိုခဲ့ရမှုအပေါ် နိုင်ငံသားများအနေဖြင့် ယူကျုံးမရ မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ကြရသည်။ ဤသည်မှာလည်း သဘာဝတရားကြီးက မြန်မာ့တန်ဖိုးများအပေါ် စမ်းသပ်လိုက်ခြင်းပင်ဖြစ်သည်။

ငလျင်လှုပ်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့များသည် ချက်ချင်းလှည့်လည်ကြည့်ရှုကာ ပျက်စီးမှုဒဏ်သင့်

စာမျက်နှာ ၂၃ သို့





စာမျက်နှာ ၂၂ မှအဆက်

ဒေသများသို့ အရေးပေါ်အကူအညီများ ပေးပို့ခဲ့ပြီး ပြည်တွင်းနှင့်နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပိတ်မိနေသူများကို အမြန်ဆုံး ကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခသည်များအား ယာယီခိုလှုံရန် စခန်းများဖွင့်လှစ်ပေးခဲ့ခြင်းနှင့် အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက်စနစ်တကျဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ပျက်စီးသောလမ်းများ၊ တံတားများနှင့်အခြေခံအဆောက်အအုံများကို အရေးပေါ်ပြုပြင်မှုများပြုလုပ်ခဲ့ပြီး ဒုတိယအဆင့်တွင် ဆက်သွယ်ရေးလိုင်းများ၊ လျှပ်စစ်နှင့်ရေသွယ်စနစ်များကို ပြန်လည်ဖော်ဆောင်ခဲ့သည်။ တတိယအဆင့်အနေဖြင့် အန္တရာယ်ရှိအဆောက်အအုံများကိုဖြိုဖျက်ကာ ရေရှည်တည်တံ့သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။





အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှအကူအညီများကို လက်ခံရယူကာ နည်းပညာ၊ ကျွမ်းကျင်မှုနှင့်ငွေကြေး အထောက်အပံ့များရရှိအောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာမီဒီယာများတွင်မြန်မာပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မီးမောင်းထိုးပြခဲ့သည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးအတွက် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများတည်ဆောက်ရန် စံချိန်စံညွှန်းများ ပြန်လည်သတ်မှတ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာလူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပို့ချခဲ့သည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တည်ဆောက်ရာတွင် ပြည်သူများ၏စိတ်ဓာတ်ကိုမြှင့်တင်ပေးခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာခွန်အားများ ရရှိစေခဲ့သည်။

**"၇ ဒသမ ၇ ရစ်(ခ်)တာစကေးပြင်းအားရှိ ငလျင်ကြီးသည် အုတ်၊ သဲ၊ ကျောက်၊ သံမဏိများနဲ့ အခိုင်အမာတည်ဆောက်ထားရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေကို အတုံးအရုံးလဲကျအောင် ဖြိုလှဲနိုင်ခဲ့ပေမယ့် မြန်မာတို့ရဲ့စိတ်ဓာတ်ကိုတော့ ယိမ်းယိုင်လဲကျသွားအောင် လှုပ်ခတ်မစွမ်းဆောင်နိုင်ခဲ့ပါဘူး"**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ကုစားရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သောလူမှုစီးပွားစနစ်ကိုတည်ဆောက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာအချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာမှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

### ၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDFအမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး





ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးစဉ်။


**နေပြည်တော် ဇူလိုင် ၁၉**


တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုလျက်ရှိသည်။






ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးစဉ်။



















ထို့ပြင် ဇူလိုင် ၁၈ ရက်တွင်လည်း နောင်ချိုမြို့၌ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံး၊ ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့်အတူ ပြန်လည်ရောက်ရှိလာကြပြီး အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာစဉ် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နေထိုင်စားသောက် လုပ်ကိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နောင်ချိုမြို့နယ်အတွင်း မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယနေ့ နံနက်ပိုင်းတွင် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာသို့ ရောက်ရှိကြရာ နောင်ချိုမြို့ကို အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ၎င်းတို့ပိုင်ဆိုင်သည့်နေအိမ်အဆောက်အအုံများနှင့် အဖိုးတန်ပစ္စည်းများကို စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံခဲ့ရာ ဒေသခံတိုင်းရင်းသားပြည်သူများသည် တပ်မတော်စစ်ကြောင်းအား ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့၏နေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တပ်မတော်စစ်ကြောင်းထံ အကူအညီတောင်းခံခဲ့ကြသည်။

ထိုသို့ အကူအညီတောင်းခံခဲ့သဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ရေး အဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏အသုံးအဆောင်ပစ္စည်းများကို ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများနှင့် အခြားလိုအပ်သည့် ကူညီရေးလုပ်ငန်းများကို အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာပြည်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက် အခြေချနေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ၎င်းတို့၏စကားသံများကိုလည်း ယခုလို ကြားသိခဲ့ရပါတယ် -




၁။ "ခုလို ပြည်သူပြည်သားတွေကို ပျော်ရွှင်အောင်လုပ်ပေးတယ်။ ပြီးတော့ ဘဝလုံခြုံမှုပေးတယ်။ မြန်မာစစ်သည်တော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

၂။ "ကျေးဇူးတင်ပါတယ် ဆရာတို့အားလုံးကို ပြန်ပြီးကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

၃။ "ကယ်တင်ပေးတဲ့အတွက်မို့ ကျေးဇူးတင်ပါတယ်။ ပြန်လာကယ်တာကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်" ဟု ပြောသည်။

၄။ "၆ လပိုင်း ၂၅ ရက်က တိုက်ပွဲဖြစ်တယ်။ အဲ့ဒီနေကစပြီး မိသားစုတွေ တကွဲတပြားစီဖြစ်တယ်။ မန္တလေးရောက်ဟိုရောက်၊ ဒီရောက်နဲ့ တကွဲတပြားစီဖြစ်ကြတယ်။ အခုချိန်ထိ တကွဲတပြားစီပါပဲ။ အခုစစ်တပ်ကလာပြီး အခုလို ရှင်းလင်းပြီးတော့ လုပ်ပေးကိုင်ပေးတဲ့အတွက် အကုန်လုံးကို အစစအရာရာ လာပြီးကူညီပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ နောင်လည်း ဒီလိုပဲ အမြဲတမ်းအမြဲမပြတ် ဒီလိုစောင့်ရှောက်ပေးဖို့ ပြောချင်ပါတယ်" ဟုပြောသည်။

၅။ "ခုလိုဖြစ်လာမယ်ဆိုတာတော့ ကျွန်မယုံကြည်တယ်။ ဒီလို အမြန်ဆောင်ရွက်ခဲ့မယ်လို့ မထင်ထားဘူးလေ။ ဒီလိုဖြစ်လာတော့ အတိုင်းမသိဝမ်းသာတော့ ဘာပြောရမှန်းမသိဘူးလေ။ မိသားစုတွေ ခုလို စုံစုံလင်လင်နေရမယ်။ လုပ်ငန်းကိုင်ငန်းတွေ ပုံမှန်လည်ပတ်လို့ရမယ်ဆိုတော့ ပျော်လို့ စကားကို ဘာပြောရမှန်းကိုမသိဘူး။ တပ်မတော်ကြီးကိုလည်း အများကြီး ကျေးဇူးတင်မိတယ်။ အဲဒီလိုပဲ ပြောချင်ပါတယ်" ဟု ပြောသည်။

၆။ "ကျွန်မတို့ရွာဘက်မှာ ၁၅ ရက် ကျော်ပါတယ်ရှင့်။ မိသားစုတွေလည်း မတွေ့ရပါဘူးရှင့်။ စစ်တပ်ရောက်လာတော့ ကျွန်မတို့အများကြီးပျော်ပြီး အများကြီးဝမ်းသာ ပါတယ်ရှင့်" ဟု ပြောသည်။

၇။ "ကိုယ့်မြို့ ကိုယ့်ရွာကို ပြန်ခွင့်ရှိတာကို အများကြီးကျေးဇူးတင်ပါတယ် ခင်ဗျာ" ဟု ပြောသည်။ (၅၀၁)

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။




ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ DPLA အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် TNLA၊ DPLA နှင့် MDY-PDF အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး၊ ဇူလိုင် ၁၈ ရက်တွင် DPLA နှင့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၂ ဦးတို့သည် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ငင်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၁ ခု၊ MA-1 အမျိုးအစား သေနတ် တစ်လက်တို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့သည်။ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်း လုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ပြီးသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများ ဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်အတွက် နောင်ချိုမြို့နယ် ဆရာအေးကုန်းကျေးရွာ၊ ထိုမှတစ်ဆင့် ကျောက်တောကျေးရွာ၊ ၎င်းမှတစ်ဆင့် လယ်ကြီးတောကျေးရွာ၊ အင်းဝိုင်းကျေးရွာတို့သို့ အဆင့်ဆင့်ထွက်ခွာလာခဲ့ပြီး ညောင်ထောက်ကျေးရွာသို့ရောက်ရှိစဉ် အဆိုပါကျေးရွာအနီး လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်များက ၎င်းတို့နှင့်အတူ ယူဆောင်လာသည့် Type-81 အမျိုးအစားသေနတ် ၁၂ လက်၊ ငင်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၁ ခု၊ MA-1 အမျိုးအစား သေနတ် တစ်လက်တို့ကိုအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သေနတ် ၁၃ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၅၀ နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ထို့နောက် အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော် DPLA ကို ရောက်ရှိလာရတဲ့ အဓိကအကြောင်းရင်းကတော့ သူတို့အဖွဲ့ကနေပြီးတော့ တစ်အိမ်တစ်ယောက် မဖြစ်မနေ မဝင်မနေရဆိုပြီး အတင်းအဓမ္မ စုဆောင်းခံရလို့ ကျွန်တော်တို့ ရောက်ရှိလာရခြင်းဖြစ်ပါတယ်။ ဒီအဖွဲ့ထဲ မဝင်လို့ရှိရင် မိသားစုတွေကို သတ်ဖြတ်မယ်။ ကျွန်တော်တို့ဆွေမျိုးတွေကို ဒုက္ခပေးမယ်ဆိုပြီး ခြိမ်းခြောက်လို့ဝင်ရောက်လာရတာ ဖြစ်ပါတယ်ခင်ဗျ။ ပလောင်တွေအနေနဲ့ ကျွန်တော်တို့ လူမျိုးရေးခွဲခြားဆက်ဆံခံရတာကိုလည်း ကြုံတွေ့ခဲ့ရတယ်ခင်ဗျ။ ဒီသင်တန်းအတွင်းမှာလည်း အစားအသောက်တွေ အနေအထိုင်တွေကိုလည်း ဆင်းဆင်းရဲရဲနဲ့ နေထိုင်စားသောက်ခဲ့ရတယ်။ ဒီသင်တန်းပြီးလို့ ရှေ့တန်းကိုပို့တဲ့အခါမှာလည်း ကျွန်တော်တို့ကို ရှေ့ကနေ တိုက်ခိုင်းတယ်။ သူတို့က နောက်မှာပဲနေတယ်ဗျ။ ကျွန်တော်တို့က ဆုတ်ခွာလာခဲ့ရင်တောင် သူတို့က ပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်ဗျ။ လက်နက်အားမမျှလို့ ဆုတ်တဲ့အခါမှာလည်း တကယ်တမ်း ပစ်သတ်ခဲ့တာတွေကို ကျွန်တော်တို့ မျက်မြင်ကြုံတွေ့ခဲ့ရတယ်။ တပ်မတော်ကနေပြီးတော့ အင်အားအလုံးအရင်းနဲ့ ထိုးလာတဲ့အခါမှာ စိတ်ဓာတ်အရမ်းကျတယ်။ အဲ့ဒါကြောင့် ကိုယ့်အသက်ကို မသေအောင်ဆိုပြီးတော့ ပုန်းအောင်းပြီးတော့လည်းနေတယ်။ နေရတာလည်း နေရခက်တယ်ဗျ။ အခုအချိန်မှာဆိုရင် လူအင်အား၊ လက်နက်အားမမျှတဲ့ အတွက်ကြောင့်မို့ ကျွန်တော်တို့ လူကြီးတွေကို တပ်မတော်သားတွေကို အများကြီး သတ်ဖြတ်ခဲ့ပြီး လက်နက်ခဲယမ်းတွေ အများအပြား သိမ်းဆည်းရရှိခဲ့တယ်လို့ လိမ်ညာပြီး တင်ပြခဲ့တာလည်းရှိခဲ့တယ်ဗျ။ နောင်ချိုကျရင် ကျွန်တော်တို့ကို သတ်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် ဒီတပ်မတော်ထဲကိုဝင်ရောက်ပြီးတော့ ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်သားတွေကို သူတို့အဖွဲ့ထဲကို ဝင်မယ်ဆိုရင် ငွေကြေးတွေလည်း ထောက်ပံ့ပေးမယ်ဆိုပြီး ပြောခဲ့ပါတယ်။ တကယ်တမ်း လက်တွေ့မှာကျတော့ လက်နက်တွေယူပြီးတော့ လူတွေကို ညှဉ်းပန်းနှိပ်စက်တာတွေလည်း တွေ့ခဲ့တယ်ခင်ဗျ။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာတဲ့အခါမှာ မညှဉ်းပန်းမနှိပ်စက်ဘဲနဲ့ နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် ဝမ်းသာမိပါတယ်ခင်ဗျ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တိုက်ပွဲတွေ တိုက်ခိုက်ခဲ့တဲ့အချိန်မှာ ပြည်သူတွေရဲ့ပစ္စည်းတွေ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရတာတွေ ရှိခဲ့တယ်။ စိုက်ပျိုးသီးနှံတွေ ပျက်စီးခဲ့တာတွေလည်း ရှိခဲ့တယ်။ အဲဒီအတွက်လည်း ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ ဒီနေရာကပဲ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။ ကျွန်တော်တို့ တောင်ခမ်းနဲ့ နောင်ချိုကြားမှာရှိတဲ့ ပြည်သူတွေအိမ်မှာ ခေတ္တခဏဝင်နေတဲ့အချိန်မှာ သူတို့တွေက ပြည်သူ့ပစ္စည်းတွေကို လုယက်တာတွေ၊ မတရားယူတာတွေကို တွေ့ခဲ့ရတယ်ခင်ဗျ။ ကျွန်တော်အနေနဲ့ ဒီအဖွဲ့ရဲ့လုပ်ရပ်တွေကို တဖြည်းဖြည်းနဲ့ ရွံရှာစက်ဆုပ်မိတယ်ဗျ။ အဲဒါကြောင့် ဒီအဖွဲ့ကနေထွက်ပြီးတော့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာရခြင်းဖြစ်တယ်ဗျ။ ကျွန်တော်တို့ရောက်လာတာနောက်ကျတဲ့အတွက် နောင်တရမိပါတယ်" ဟုပြောသည်။ (၅၀၁)



# အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ သန့်ရှင်းရေးဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အေးသာယာပြည်သူ့ဆေးရုံ၊ အောင်ပန်းမြို့ရှိ ပြည်သာယာဈေးနှင့် ကလောမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက်ရှိ ဝေဘာဂီကူးစက်ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**လင်းလက်**

# စကားအရာချိုကြည်သာဖို့ ရင်မှာဒေါသထိန်းကြစို့

"စကား"ဆိုသည်မှာ "အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ။ ပြောဆိုချက်"ဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုသည်။ ရင်တွင်းမှဖြစ်တည်လာသော ဆန္ဒကို အခြားသူများသိစေရေးဖော်ပြရာတွင် အသုံးပြုရသည့် ကြားခံကိရိယာတစ်ခုပင်ဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်၌ တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံကြရာတွင် နှုတ်မှထွက်သောစကားသည် ဓားတစ်လက်ထက်ပင် ပို၍ကြောက်စရာကောင်းလှသည်။ စိတ်ခံစားချက် ခက်ထန်ကြမ်းတမ်းသည့်အခါတွင်ထွက်ပေါ်လာသောစကားတို့သည် ခက်ထန်မာကျော၍ ကြမ်းတမ်းလေ့ရှိသည်။ စိတ်ခံစားချက်ကောင်းမွန်နေသည့်အချိန်တွင် ထွက်ပေါ်လာသောစကားတို့သည် ပျော့ပျောင်းနူးညံ့၍ တစ်ဖက်သား၏ နားတွင် ပျားသကာကဲ့သို့ချိုမြိန်ကာ ကြားရသည့်သူများ၏ ရင်တွင်းသို့လည်း ကြည်နူးခြင်းများကို ဖြစ်စေသည်။

"ပညာရှိအမျက် ပြင်မထွက်"ဆိုသည့် စကားနှင့်အညီ ပညာရှိတို့သည်ကား စကားပြောဆိုကြရာတွင် ရင်တွင်းဒေါသတို့ကိုထိန်းချုပ်၍ တစ်ဖက်သားနားဝင်နိုင်မည့်အသုံးအနှုန်းများဖြင့် ပြောဆိုစည်းရုံးနိုင်ကြသည်။ ချိုသာယဉ်ကျေးသောစကားကို လူတိုင်းနှစ်သက်ကြသော်လည်း ကိုယ်တိုင်မူကား ဒေါသဖြစ်စေကာမူ ရင်တွင်းဆန္ဒတို့ကို ထိန်းချုပ်ကာနှုတ်ထွက်စကားတို့ကို ချိုသာစွာပြောဆိုကြရန် မေ့လျော့နေတတ်ကြသည်။ ထွက်ပြီးသောဆင်စွယ်တို့သည် ပြန်ဝင်ရိုးထုံးစံမရှိသကဲ့သို့ မိမိတို့၏ ရင်တွင်းဆန္ဒကို အခြေတည်၍ ပြောမိသောနှုတ်ထွက်စကားတို့သည် ပြန်လည်ပြင်ဆင်၍ မရနိုင်ပေ။ ရေးလိုက်မိသော စာတစ်ကြောင်းကို ပြန်လည်ပြင်ဆင်ဖြည့်စွက်၍ ရနိုင်သော်လည်း ပြောမိလိုက်သောစကားတစ်ခွန်း၏ အတိမ်အနက်နှင့်ရလဒ်များသည် ပြန်လည်ပြင်ဆင်နိုင်ရန် မဖြစ်နိုင်ပေ။

"ကြမ်းကျုံ့လျှင်နုတ်၍ရသည်၊ စကားလွန်လျှင်နုတ်၍မရ"ဆိုသည့်စကားအရ ကြမ်းပေါက်ကျုံ့လျှင်ဆွဲထုတ်၍ရနိုင်သော်လည်း နှုတ်လွန်မိလျှင်မူ ပြန်ရုပ်သိမ်း၍မရပေ။ စကားကို မစဉ်းစားမဆင်ခြင်ဘဲပြောမိ၍ အတိဒုက္ခရောက်ကြရသည့် သာဓကများစွာရှိသည်။ တစ်ဖက်သားနားဝင်နိုင်သည့် စကားတစ်ခွန်းကြောင့်ပင် မိမိ၏ဘဝ တိုးတက်နိုင်သကဲ့သို့ နားထောင်သူ၏ သည်းခံနိုင်စွမ်းကို ပျက်ပြားစေကာ ဒေါသပွားစေသည့်စကားတစ်ခွန်းကြောင့် မိမိ၏ဘဝ ဒုက္ခရောက်နိုင်သဖြင့် ဆင်ခြင်အပ်သည်။ "ပညာရှိသတိဖြစ်ခဲ"ဆိုသည့်စကားနှင့်အညီ ပညာရှိပင်ဖြစ်လင့်ကစား သတိတစ်ချက်လွတ်၍ ပြောမိသည့်စကားကြောင့် ဘုရင်အမျက်တော်ခံရပြီး မင်းဒဏ်သင့်ခဲ့ရသည့် ရာဇသင်္ကြံအမတ်ကြီး၏ ဖြစ်ရပ်ကို သတိပြုဆင်ခြင်အပ်ပေသည်။ ပုဂံပြည်ကြီးတွင် နရသီဟပတေ့(မင်းခွေးချေး)ကို ရာဇပလ္လင်ထက်တွင် ဘုရင်ဖြစ်စေရေး ကူညီပေးခဲ့သည့် ရာဇသင်္ကြံအမတ်ကြီးသည် မိမိ၏ကျေးဇူးကို သတိမေ့ထားသည့်ဘုရင်ကို စိတ်တွင် မကျေမနပ်ဖြစ်မိသည်။

ရာဇသင်္ကြံအမတ်ကြီးက မိမိ၏ကျေးဇူးကြောင့် ဘုရင်ဖြစ်ခဲ့ရသည့် နရသီဟပတေ့မင်းသည် မိမိအပေါ် ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများတွင် ပုံမှန်သာဖြစ်နေသဖြင့် ပညာပြအံ့ဟု စိတ်တွင်အမှတ်အတေးထား၏။ တစ်နေ့တွင် ညီလာခံသို့ဝင်သောအခါ ပန်းကလပ်အပဲ့တစ်ခုဖြင့် ကွမ်းထည့်ကာ ဘုရင်မြင်သာအောင် ကွမ်းစားခြင်းအမှု ပြုလေ၏။ ဘုရင်မြင်လေသော် "အဘယ့်အတွက်ကြောင့် ပဲ့နေသောပန်းကလပ်ဖြင့် ကွမ်းအစ်ပြုကာ ကွမ်းထည့်ရသနည်း"ဟု မေးလေ၏။ မိမိ၏ကျေးဇူးကိုမသိ မိမိအားပစ်ထားသည့်ဘုရင်ကို လူပုံအလယ်တွင် အရှက်

**❖နှုတ်၏ စောင့်စည်းမှုဆိုသည့်အရာသည် ထိန်းချုပ်ရန်ခက်ခဲသည်။ မိမိ၏စကားတစ်ခွန်းကြောင့်ပင် လူတစ်ယောက်၏ဘဝ တိုးတက်ပြောင်းလဲသွားစေနိုင်သကဲ့သို့ စိတ်ဒုက္ခရောက်ကာ ပျက်စီးသွားနိုင်သည်ထိလည်းဖြစ်နိုင်သဖြင့် မပြောခင်စဉ်းစားဆင်ခြင်ရန် လိုအပ်သည်။ စကားဆိုသည့်အရာသည် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်သာ ပြောဆိုသင့်သည်။ တစ်ဖက်သား၏ပြောဆိုမှုများသည်၊ မှန်သည်ကို ပိုင်းခြားဝေဖန်ခြင်းမရှိ မည်ကဲ့သို့ပြန်လည်တုံ့ပြန်သင့်သည်ကို စဉ်းစားဆင်ခြင်မှုမရှိဘဲ ရုတ်တရက်ပြန်လည်တုံ့ပြန်ပြောဆိုမိသည့်အခါ ကိုယ်တိုင်ပင် အတိဒုက္ခရောက်သည်ထိ ဖြစ်နိုင်သဖြင့် ဆင်ခြင်သင့်သည်။ ❖**

ရစေအံ့ဟုရည်ရွယ်ကာ ဒေါသစိတ်ဖြင့် "မြတ်သောမင်းကြီး ပန်းပွတ်သည်တို့၏ သားမြေးများကောင်းစားနေ၍ ပန်းပွတ်မည့်သူမရှိဖြစ်နေသဖြင့် ပန်းကလပ်အပဲ့ကိုသာ သုံးနေရကြောင်း" လျှောက်တင်လိုက်၏။

နရသီဟပတေ့သည် မိမိကို မင်းမျိုးမင်းနွယ်အစစ်မဟုတ် ပန်းပွတ်သည်မှ ပေါက်ဖွားလာရသည့် နန်းတွင်းသွေးတစ်ဝက်သာပါသည့်ဘုရင်ဟု လူပုံအလယ်တွင် အရှက်ခွဲခြင်းသာဖြစ်သည်ဟု ဒေါသစိတ်ဖြစ်မိ၏။ မိမိကို ဘုရင်ဖြစ်အောင် ကူညီပေးခဲ့သည်ကားမှန်ပေသည်။ သို့ရာတွင် ဘုရင်တစ်ပါး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောစကားကိုဆိုဝံ့သူကို အနားတွင်မထားလိုဟုတွေးကာ "ဘုရားတည်သည့်အခါ အမှီပြုစရာအထောက်အပံ့အဖြစ် ငြမ်းစင်တို့ကို ပြုလုပ်ရ၏။ ဘုရားပြီးသည့်အခါတွင် ငြမ်းတို့ဟူသည် ဖျက်ပစ်ရစမြဲပင်ဖြစ်သည်"ဟုဆိုကာ ရာဇသင်္ကြံကို ဒလဘက်သို့ပို့ကာ ပြည်နှင်ဒဏ်ပေးခဲ့လေသည်။ ပညာဉာဏ်တို့ဖြင့် ပြည့်ဝသည်ဟုဆိုသည့် အမတ်ကြီးပင်လျှင် ဒေါသစိတ်ကိုမထိန်းနိုင်ဘဲ ပြောခဲ့မိသည့်စကားတစ်ခွန်းကြောင့် ဘဝတွင် ဒုက္ခရောက်ခဲ့ရသည်။ စကားဆိုသည်မှာ ပြောပြီးသည့်အခါ ပြန်ပြင်

၍မရနိုင်သဖြင့် မိမိရင်တွင်းဖြစ်တည်လာသည့်ဆန္ဒကို ဉာဏ်ပညာဖြင့် အကြိမ်ကြိမ်အဖန်ဖန်စဉ်းစားဆင်ခြင်ပြီးမှသာ နှုတ်မှထွက်ကျလာသည့်စကားအဖြစ် အသက်သွင်းသင့်ပေသည်။

**"နှုတ်ထွက်စကား"**ဆိုသည်မှာ ပြောသူ၏ရင်တွင်းဆန္ဒအရ နူးညံ့လိုက နူးညံ့နိုင်သည်။ခက်ထန်ကြမ်းတမ်းလိုက ကြမ်းတမ်းနိုင်သည်။ လိမ်လည်လိုက လိမ်လည်နိုင်သည်။ ဟုတ်တိုင်းမှန်စွာပြောလိုက ပြောနိုင်သည်။ ပြောသူ၏ခံစားချက်ကို ထိန်းသိမ်းနိုင်သည့်အချက်ကသာ အဓိကဖြစ်သည်။ "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်း

တည်"ဆိုသည့်စကားနှင့်အညီ မြတ်စွာဘုရားက လူတို့ပြောဆိုသော စကားခြောက်ခွန်းအနက် စကားအရာတွင် တတ်သိလိမ္မာသူများဖြစ်စေရန် ဆင်ခြင်အပ်သည်များကို ဟောကြားခဲ့သည်။ လူတို့ပြောဆိုအပ် သောစကားတို့ကို အမျိုးအစားခွဲခြားကြည့်ပါက (၁) ဟုတ်မှန်၊ အကျိုးရှိ၊ သူနာလို၊ (၂) ဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလို၊ (၃) ဟုတ်မှန်၊ အကျိုးမရှိ၊ သူနာလို၊ (၄) ဟုတ်မှန်၊ အကျိုးမရှိ၊ သူမနာလို၊ (၅) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူနာလို၊ (၆) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူမနာလို စသည့်စကားကြီးခြောက်ခွန်းအဖြစ် ခွဲခြားနိုင်သည်။

**"ဟုတ်မှန်၊ အကျိုးရှိ၊ သူနာလို"** ဟုတ်မှန်သည့်စကားဖြစ်ပြီး တစ်ဖက်သားအကျိုးရှိစေရုံသာမက တစ်ဖက်သားနာခံလိုသောစကားနှင့် **"ဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလို"** တစ်ဖက်သားက နာခံရန် ခက်ခဲနေမည်ဆိုသော်လည်း အကျိုးရှိစေမည့်မှန်ကန်သောစကားနှစ်ခွန်းသည် လူတို့နှုတ်တွင် စွဲမြဲပြောဆိုအပ်သည်။ ကျန်စကားလေးခွန်းဖြစ်သည့် အကျိုးမရှိသောစကားများကို မပြောဆိုအပ်ဟု မြတ်စွာဘုရားရှင်က ဆိုဆုံးမထားခြင်းဖြစ်သည်။ တစ်ဖက်သားဒုက္ခရောက်မည်စိုး၍ စိုးရိမ်စိတ်ဖြင့် ကောင်းမွန်သောရည်ရွယ်ချက်ထားကာ တားမြစ်သည့်စကားမျိုးဖြစ်ပါက ပြောဆိုသင့်သည်ဟုဆိုသော်လည်း ချိုသာ၍ နားဝင်လွယ်သောအသုံးအနှုန်းများဖြင့် သုံးနှုန်းပြောဆိုအပ်သည်။

"တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ"ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာကဲ့သို့ပင် တစ်ဖက်သား၏နားဝတွင် ချိုမြိန်သောရသကို ပေးစွမ်းနိုင်ရုံသာမက ရင်ကိုပါအေးမြစေမည့် စကားတို့ဖြင့် မိမိလိုရာသို့ ပြောဆိုအပ်ပေသည်။ အပေါင်းအသင်းများနှင့်ပျော်ပါးကာ ညဉ့်နက်သည့်အချိန်မှပြန်လာသော လူငယ်တစ်ဦးကို ဆူပူကြိမ်းမောင်းနေရုံဖြင့် ထိုလူငယ်၏အမူအကျင့်များ ပြင်ရန်မလွယ်ပေ။ အရွဲ့တိုက်လုပ်လိုက်မိပါက ပို၍ပင် ဆိုးနိုင်သည်။ အပျော်အပါးလိုက်စားခြင်း၊ အရက်သေစာသောက်စားခြင်း၊ အချိန်ဖြုန်းခြင်းတို့၏ မကောင်းသည့်အကျိုးဆက်များကို ချပြရှင်းလင်းခြင်းဖြင့်သာ စည်းရုံးပြောဆိုသင့်သည်။

နှုတ်၏ စောင့်စည်းမှုဆိုသည့်အရာသည် ထိန်းချုပ်ရန်ခက်ခဲသည်။ မိမိ၏စကားတစ်ခွန်းကြောင့်ပင် လူတစ်ယောက်၏ ဘဝတိုးတက်ပြောင်းလဲသွားစေနိုင်သကဲ့သို့ စိတ်ဒုက္ခရောက်ကာ ပျက်စီးသွားနိုင်သည်ထိလည်းဖြစ်နိုင်သဖြင့် မပြောခင်စဉ်းစားဆင်ခြင်ရန်လိုအပ်သည်။ စကားဆိုသည့်အရာသည် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်သာ ပြောဆိုသင့်သည်။ တစ်ဖက်သား၏ ပြောဆိုမှုများသည်၊ မှန်သည်ကို ပိုင်းခြားဝေဖန်ခြင်းမရှိ မည်ကဲ့သို့ ပြန်လည်တုံ့ပြန်သင့်သည်ကို စဉ်းစားဆင်ခြင်မှုမရှိဘဲ ရုတ်တရက်ပြန်လည်တုံ့ပြန်ပြောဆိုမိသည့်အခါ ကိုယ်တိုင်ပင် အတိဒုက္ခရောက်သည်ထိ ဖြစ်နိုင်သဖြင့် ဆင်ခြင်သင့်သည်။

နှုတ်ထွက်စကားဆိုသည့်အရာမှာတစ်ဖက်သား၏နားမှတစ်ဆင့် နှလုံးသားသို့ ရောက်သွားရသဖြင့် ကြမ်းတမ်းသောစကား၊ ရိုင်းစိုင်းသောစကားကို မပြောဆိုမိစေရန် ဆင်ခြင်အပ်သည်။ ခက်ထန်ကြမ်းတမ်းသောစကားပြောဆိုတတ်သူများကို မည်သူကမျှ လက်ခံလိမ့်မည်မဟုတ်ပေ။ ကြမ်းတမ်းရိုင်းစိုင်းသောစကားများကို မိမိကိုယ်တိုင် နားမထောင်လိုမခံစားလိုသည်ဟုဆိုပါလျှင် မိမိနှင့်ပြောဆိုဆက်ဆံနေသည့် တစ်ဖက်သားသည်လည်း ချိုသာသောစကား၊ ယဉ်ကျေးသောစကား၊ နားဝင်ချိုသောစကားတို့ကိုသာ နားထောင်လိုပေလိမ့်မည်။ ချိုသာယဉ်ကျေးသောစကားများကိုသာ ပြောဆိုခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင်ဝင်ဆံ့သော၊ လူချစ်လူခင်ပေါသောဘဝကို ရရှိပိုင်ဆိုင်နိုင်ကြစေရန် ရင်တွင်းခံစားချက်များတွင် ဒေါသစိတ်များဖြစ်ပေါ်လာပါက သတိဖြင့် ထိန်းချုပ်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

- **ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ။**
- **ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ။**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီက နှမ်း ၅၇၆၁၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နှမ်း ၉ ဒသမ ၅၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ နှမ်း ၅၇၆၁၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို အခုလက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေနှမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပခန်းစပါးတင်းရေ ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ဇွန်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ပခန်းစပါးတွေက အရည်အသွေးကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်" ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။



ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသဖြင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အောက်ပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုညို**

# ပြည်မြို့နယ် မော်ဇာရွာမကျေးရွာ၌ စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပြည် ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မော်ဇာရွာမကျေးရွာ၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာစိုက်ပျိုးရေရရှိရေး ကော်မတီဝင်များနှင့်အတူ မော်ဇာရွာမကျေးရွာ၌ ကြက်သွန်ခင်း စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစိုက်ပျိုးရေရရှိရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မော်ဇာရွာမကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် အကျယ် သုံးလက်မ၊ အနက်ပေ ၁၄၀ ရှိ စက်ရေတွင်း သုံးတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃ ဒသမ ၃၆ သန်း အသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင် ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် မော်ဇာရွာမကျေးရွာရှိ ကြက်သွန်စိုက်တောင်သူ ၁၀ ဦးတို့၏ ကြက်သွန်စိုက်ဧက ၂၂ ဧကအတွက် စိုက်ပျိုးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

**ချိုလေး**

# အင်္ဂပူမြို့နယ် လူပျိုတော်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ လူပျိုတော်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လူပျိုတော်ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ်၂၆ ဒသမ ၃၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၁၇ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၈၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄ ဒသမ ၆၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**


# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ဝီဖာ" (WIPHA)သည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)




# ချီလီနိုင်ငံတွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့

**ဆန်တီယာဂို ဇူလိုင် ၁၉**

ချီလီနိုင်ငံတွင် ဇူလိုင် ၁၇ ရက်က ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်ဟု ချီလီနိုင်ငံ ဘူမိသိပ္ပံပညာဌာနက ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် ချီလီနိုင်ငံ၏ အနက် ၄၉ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့် အတွက်ကြောင့် အက်ကွဲကာ ပြိုကျလုနီးပါးအန္တရာယ်ရှိ အဆောက်အအုံများလည်းရှိကြောင်း၊ အဆိုပါအဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်ပြီးမှ ပြည်သူများကို ပြန်လည် နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ငလျင်သည် အင်အားအနည်းငယ်သာ ပြင်းထန်သည့်အတွက် ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။

လက်တလော လူသေဆုံးမှု မရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများနှင့် အဆောက်အအုံ အပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်နေကြောင်း ချီလီနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# တောင်အာဖရိကနိုင်ငံ၏ အမျိုးသားငှက် ကြိုးကြာပြာများ အစာရေစာရှားပါးမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် အရေအတွက်ကျဆင်းလာ

**ပရီတိုးရီးယား ဇူလိုင် ၁၉**

တောင်အာဖရိကနိုင်ငံ၏ အမျိုးသားငှက် ကြိုးကြာပြာများ စိုက်အစာရေစာရှားပါးမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် အရေအတွက် ကျဆင်းလာသည်ဟု Coordinated Avifaunal Road-counts စီမံကိန်း အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဇူလိုင် ၁၈ ရက် သတင်းများအရ သိရသည်။

၂၀၂၅ ခုနှစ် ဖွန်လတွင် ကြိုးကြာပြာငှက်များကို မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံမျိုးစိတ်များစာရင်း (Red List)တွင် ထည့်သွင်းခဲ့ကြောင်း The Endangered Wildlife Trust ၏ တောရိုင်းတိရစ္ဆာန်သုတေသန ဒေါက်တာ ခရစ္စတီးကားရစ်ချ်က ပြောကြားခဲ့သည်။

"တောင်အာဖရိကရှိ ကြိုးကြာပြာတွေဟာ ရာသီဥတုပြောင်းလဲမှုတွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေကြောင့် အစာကွင်းဆက် ကမောက်ကမဖြစ်တာတွေအပြင် လျှပ်စစ်ဓာတ်အားလိုင်းတွေအပေါ် ရပ်နားတာကြောင့် ဓာတ်လိုက်သေဆုံးမှုတွေများပြားနေတယ်လို့ သိရပါတယ်။ ဒါကြောင့် ကြိုးကြာပြာတွေရဲ့ မူလနေထိုင်ရာဒေသတွေမှာ အဲဒီလိုအဖြစ်တွေမရှိစေဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကားရစ်ချ်က ပြောကြားခဲ့သည်။

ယခင်က ကြိုးကြာပြာငှက်ကောင်ရေ တစ်သိန်းကျော်ရှိရာကနေ လက်ရှိတွင်ကြိုးကြာငှက်ကောင်ရေ ၃၄၀၀၀ ကနေ ၆၈၀၀၀ ကြားသာ ကျန်ရှိတော့ကြောင်း သိရသည်။

ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များအပြင် သီးနှံများအတွက်တိုးရေးအတွက်သုံးသော ဓာတုဓာတ်မြေသြဇာများ၊ ပိုးမွှားကင်းရှင်းစေရန် အသုံးပြုသော ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများက ကြိုးကြာပြာများ၏ အစာကွင်းဆက်ကိုနှောင့်ယှက်ကာ အစာရေစာရှားပါးမှုနှင့်ငှက်များ၏ မျိုးပွားနိုင်စွမ်းအပေါ် ဆိုးရွားစွာသက်ရောက်မှုရှိစေကြောင်း၊ ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ကြိုးကြာပြာအရေအတွက်သည် ၄၄ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်ဟု Coordinated Avifaunal Roadcounts စီမံကိန်းအစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် မိုးခေါင်မှုအခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း Drought Monitor က ထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၁၉**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အက်စ်ပန်ဒေသနှင့် ဂလန်းဝုဒ်ဒေသများတွင် မိုးခေါင်မှုအခြေအနေဆိုးရွားလာခဲ့ပြီး မိုးခေါင်မှုအခြေအနေမှာ ပိုမို ဆိုးရွားလာနိုင်ကြောင်း U.S Drought Monitor က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုလွန်ကဲမှုကြောင့် မိုးခေါင်မှုအခြေအနေ ပိုမိုမြင့်တက်လာခဲ့ပြီး ၎င်းဒေသများတွင် သောက်သုံးရေဖြန့်ဝေမှုအစီအစဉ်အား ပြန်လည်ရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ အက်စ်ပန်ဒေသနှင့် ဂလန်းဝုဒ်ဒေသတို့တွင် မိုးခေါင်မှုကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း၊ လိမ္မော်ရောင်အဆင့်နှင့် အဝါရောင်အဆင့်အဖြစ်သတ်မှတ်ထားသောဧရိယာများကိုလည်း မိုးခေါင်မှုပြောင်းလဲသည့် အခြေအနေပေါ်မူတည်၍ သတ်မှတ်သွားမည်ဖြစ်ကြောင်း U.S Drought Mornitor က ထုတ်ပြန်ခဲ့သည်။

"ကော်လိုရာဒိုပြည်နယ်မှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ဒေသတွေများပါတယ်။ ရာသီဥတုလွန်ကဲမှုတွေကြောင့် မိုးခေါင်မှုအခြေအနေ မြင့်တက်လာတာဖြစ်ပါတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ဒေသတွေထဲမှာ အက်စ်ပန်ဒေသနဲ့ ဂလန်းဝုဒ်ဒေသတွေမှာ မိုးခေါင်မှုအဆင့်ကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်။ လိမ္မော်ရောင်အဆင့် သတ်မှတ်ထားတဲ့ ဒေသတွေရှိသလို အဝါရောင်အဆင့်သတ်မှတ်ထားတဲ့ ဒေသတွေလဲရှိပါတယ်။ ဒီဒေသတွေမှာတော့ မိုးခေါင်မှုအခြေအနေမူတည်ပြီးတော့ အဆင့်သတ်မှတ်ချက်တွေကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ ယူမာဒေသနဲ့ ကစ်ကာဆင်ဒေသတွေမှာတော့ စိုစွတ်မှုတွေက လုံလောက်တဲ့ပမာဏကို ရောက်ရှိနေတဲ့ အတွက်ကြောင့် မိုးခေါင်မှုပြဿနာ လျော့ကျလာနိုင်ဖွယ်ရှိပါတယ်"ဟု U.S Drought Mornitor မှသုတေသီတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ယောက်ခ်ရှိုင်းယားကောင်တီတွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့

**လန်ဒန် ဇူလိုင် ၁၉**

အင်္ဂလန်နိုင်ငံ ယောက်ခ်ရှိုင်းယားကောင်တီတွင် ဇူလိုင် ၁၈ ရက်က အားကောင်းသည့်လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်ဟု Met Office က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းမှာနှစ်ကြိမ်တိုင်တိုင် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လူနေအိမ်ခြေများဆီသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းမရှိသည့်အတွက် ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမား မရှိခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် ကမ်းခြေကို ဦးတည်တိုက်ခတ်ခဲ့သောကြောင့် ကမ်းခြေရှိ အပန်းဖြေစခန်းတချို့ အသေးစားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး အပန်းဖြေအနားယူသူများ တိမ်းရှောင်ခဲ့ရကြောင်း၊ လေဆင်နှာမောင်းသည် လူနေအိမ်ခြေများဆီသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လာနိုင်သည်ဟု Met Office က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ယောက်ခ်ရှိုင်းယားကောင်တီရဲ့ ကမ်းခြေဘက်မှာ လေဆင်နှာမောင်းနှစ်ကြိမ်တိုက်ခတ်သွားခဲ့ပါတယ်။ ရေဧရိယာအတွင်းမှာ တိုက်ခတ်သွားခဲ့တဲ့အတွက်ကြောင့် ကြီးမားတဲ့ပျက်စီးမှုမျိုးတော့ မရှိခဲ့ပါဘူး။ ရေဧရိယာအတွင်းမှာတော့ ပြင်းထန်တဲ့လှုပ်ရှားမှုတွေတော့ ရှိခဲ့ပါတယ်" ဟု Met Office မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယောက်ခ်ရှိုင်းယားကောင်တီ ကယ်ဆယ်ရေး အဖွဲ့အစည်းက ကယ်ဆယ်ရေး ဝန်ထမ်းများ စေလွှတ်ကာ လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ခဲ့သော ဧရိယာများသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ချစ်စရာအရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## အယုံလွယ်တဲ့ယုန်ကလေးများ

သားတို့၊ သမီးတို့ရေ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ ပုံပြင်လေးရဲ့နာမည်က " အယုံလွယ်တဲ့ ယုန်ကလေးများ"တဲ့ကွယ်။

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာရဲ့မနီးမဝေးမှာ တောအုပ်သေးသေးလေးတစ်ခုရှိသတဲ့။ တောအုပ်က ခပ်သေးသေးဆိုတော့ ဆင်တို့၊ ကျားတို့လို တောရိုင်းတိရစ္ဆာန်ကြီးတွေ မရှိဘူးပေါ့ကွယ်။ ဒါပေမဲ့ ချစ်စရာကောင်းတဲ့ ကျေးငှက်သာရကာတွေနဲ့ သာယာတဲ့ ရေကန်ကြီးတွေရှိသလို စားဖွယ်သောက်ဖွယ် သစ်သီးဝလံတွေလဲ ပေါများသတဲ့ကွယ်။

ရေကန်ကြီးတစ်ခုရဲ့အနီးမှာတော့ တောစပ်က ရွာလေးကိုအမှီပြုပြီး တစ်ပါးထဲ တရားကျင့်ကြံအားထုတ်နေတဲ့ ရသေ့ကြီးတစ်ပါးနေထိုင်သတဲ့ကွယ်။ အဲဒီရသေ့ကြီးဟာ သူ့ဆီရောက်လာတဲ့ ရွာထဲကလူအပေါင်းကိုလဲ ဆုံးမသွန်သင်တရားဟောလေ့ရှိသတဲ့။ နောက်ပြီး အဲဒီရသေ့ကြီးရဲ့ကျောင်းအနီးမှာ ရသေ့ကြီးကိုအမှီသဟဲပြုပြီး ယုန်ကလေးတွေလဲ နေထိုင်ကြသတဲ့။ ရသေ့ကြီးရဲ့သီလဂုဏ်ကြောင့် အနီးအနားက ရွာသူရွာသားတွေကလဲ အဲဒီယုန်ကလေးတွေကို ဘာမှမလုပ်ရဲ၊ အန္တရာယ်လဲမပေးရဲဘူးပေါ့ကွယ်။ ယုန်ကလေးတွေကလဲ ရသေ့ကြီးကို ကြည်ညိုလွန်းလို့ ပြုစုလုပ်ကျွေးကြသတဲ့။ တစ်ရက်မှာ ယုန်ကလေးတွေကို အုပ်ချုပ်တဲ့ ပညာရှိယုန်ကြီးဟာ သူ့ရဲ့နောက်လိုက်ယုန်ကလေးတွေနဲ့ ရသေ့ကြီးကိုဆက်ကပ်ဖို့ တောနက်ထဲကို သစ်သီးရှာထွက်လာခဲ့ကြသတဲ့။ တောနက်ထဲကို ထွက်တိုင်းလဲ ပညာရှိယုန်ကြီးက ရှေ့ဆုံးကသွားပြီး ကျန်တဲ့ယုန်ကလေးတွေက နောက်ကနေ တန်းစီပြီးလိုက်ကြရသတဲ့။

ဒီလိုနဲ့ ယုန်အုပ်ကြီးဟာ တောနက်ထဲမှာရှာရင်းဖွေရင်းတစ်နေရာအရောက်မှာတော့ နောက်ထပ် ရသေ့ကြီးတစ်ပါးကို ထပ်မံတွေ့လိုက်ရပြန်သတဲ့။ အဲဒီရသေ့ကြီးက သူတို့ဆည်းကပ်ကိုးကွယ်နေတဲ့ အရင်ရသေ့ကြီးနဲ့မတူဘဲ အလွန်ထူးခြားနေတာကို တွေ့ရသတဲ့။ ဘယ်လိုထူးခြားတာလဲဆိုတော့ ရသေ့ကြီးက သူ့ရဲ့ပါးစပ်ကိုဟပြီး ကောင်းကင်ကိုမော့ကြည့်နေကာ ခြေတစ်ဖက်ကိုလဲ ကြွထားသတဲ့။ ဒီတော့ ပညာရှိယုန်ကြီးက ရသေ့ကြီးကိုအခုလိုမေးလိုက်သတဲ့။

"အရှင်ရသေ့၊ အရှင်ရသေ့ဟာ ဘာကြောင့် ပါးစပ်ဟထားရပါသလဲ"

"အဆွေယုန်၊ သူတော်ကောင်းတရားကို ကျင့်ကြံနေတဲ့ရသေ့ဆိုတာ လေကိုသာစားရတယ်။ ဒါကြောင့် လေကိုစားဖို့ ပါးစပ်ဟထားရတာဖြစ်တယ်"လို့ ဖြေသတဲ့။ "ဘာကြောင့် ကောင်းကင်ကိုမော့ကြည့်နေပါသလဲအရှင်ရသေ့"လို့ထပ်မေးလိုက်ပြန်တော့။

" ရသေ့ဆိုတာ အာရုံငါးပါးကာမဂုဏ်တရားတွေကိုမခံစားဘဲ နေကိုသာကြည့်ပြီးနေရတယ် "လို့ ရသေ့ကြီးက ပြန်လည်ဖြေကြားသတဲ့။ ဒီတော့ ပညာရှိယုန်ကြီးက ခဏစဉ်းစားပြီး အခုလိုထပ်ပြီးမေးတာပေါ့။



"အရှင်ရသေ့၊ အရှင်ရသေ့ဟာ ဘာကြောင့် ခြေတစ်ဖက်ကြွထားရပါသလဲ"

"ရသေ့ဆိုတာ သနားခြင်းကရုဏာနဲ့သာနေရတယ်။ ကမ္ဘာမြေကိုသနားတာကြောင့် ကြွထားရခြင်းဖြစ်ပါတယ်"လို့ပြန်ဖြေသတဲ့။ ရသေ့ကြီးရဲ့စကားအဆုံးမှာတော့ အချို့ယုန်ကလေးတွေက အဲဒီရသေ့ကြီးကို ကြည်ညိုသွားကြသတဲ့။ သူတော်ကောင်းကို အခုမှတွေ့ရတာဆိုပြီး ဟိုအရင် သူတို့ကိုးကွယ်ဆည်းကပ်လုပ်ကျွေးခဲ့တဲ့ရသေ့ကြီးကိုတောင် တစ်ယောက်တစ်မျိုး အပြစ်တင်ပြောဆိုကြတော့သတဲ့ကွယ်။

ဒီတော့ ပညာရှိယုန်ကြီးက အဲဒီလိုအပြစ်တင်မစောကြဖို့နဲ့ အချိန်ကိုခဏစောင့်ကြည့်ဖို့ ပြောဆိုဆုံးမပေမဲ့ အချို့ယုန်ကလေးတွေက ဆုံးမလို့မရဘူးတဲ့ကွယ်။

ဒီလိုနဲ့ ယုန်ကလေးတွေအချင်းချင်းသွေးကွဲပြီး နှစ်ဖွဲ့ကွဲသွားသတဲ့။ တစ်ဖွဲ့က အခုမှတွေ့ရတဲ့ရသေ့ကြီးကို ပြုစုလုပ်ကျွေးဖို့နေရစ်ခဲ့ကြပြီး တစ်ဖွဲ့က ပညာရှိယုန်ကြီးနဲ့အတူ အရင်ရသေ့ကျောင်းကို ပြန်လိုက်ကြသတဲ့။ ရက်အနည်းငယ်ကြာတော့ တောနက်ထဲမှာနေခဲ့တဲ့ ယုန်ကလေးတစ်ကောင်ဟာ အရင်ရသေ့ကြီးရဲ့ကျောင်းကို ပြန်ရောက်လာပြီး သူတို့ယုန်ကလေးတွေ တောနက်ထဲမှာ ဒုက္ခရောက်နေတဲ့အကြောင်းနဲ့ တစ်နေ့ ယုန်တစ်ကောင်ပျောက်ဆုံးနေတဲ့အကြောင်း ပြောကြားသတဲ့။ ပညာရှိယုန်ကြီးဟာ သူ့ယုန်မျိုးတွေကိုကယ်တင်ဖို့ တောနက်ထဲကို တစ်ကောင်ထဲထွက်လာခဲ့တာပေါ့ကွယ်။ ရသေ့ကြီးရဲ့အနားကိုရောက်တော့ ရသေ့ကြီးမမြင်အောင် ချုံပုတ်တစ်ခုထဲမှာပုန်းနေပြီး ရသေ့ကြီးကို ချောင်းကြည့်နေသတဲ့။

အဲဒီအချိန်မှာပဲ ယုန်ကလေးတွေဟာ ရသေ့ကြီးကို ပူဇော်ဆက်ကပ်ဖို့သစ်သီးဝလံတွေနဲ့အတူ တန်းစီပြီး ရောက်ရှိလာကြပြီး ရသေ့ကြီးကို ပူဇော်ဆက်ကပ်ကြတာပေါ့။ ရသေ့ကြီးကလဲ ခြေတစ်ဖက်ကြွထားပြီး နေကိုသာကြည့်နေသတဲ့။ သူ့ကိုပူဇော်ပြီးလှည့်လည်ပြန်သွားတဲ့ ယုန်ကလေးတွေအားလုံးရဲ့ နောက်ဆုံးယုန်ကလေးတစ်ကောင်သာရှိတော့မှ သူခြုံထားတဲ့ အဝတ်ကြားကနေ ဝှက်ထားတဲ့တုတ်ကိုထုတ်ပြီး အဲဒီနောက်ဆုံးယုန်ကလေးတစ်ကောင်ကို ရိုက်သတ်လိုက်သတဲ့ကွယ်။ တကယ်တော့ ရသေ့ဟာ ရသေ့ဟန်ဆောင်ထားတဲ့ ရွာထဲကလူတစ်ယောက်သာဖြစ်နေသတဲ့ကွယ်။ အဲဒီအခါမှ ပညာရှိယုန်ကြီးဟာ သူပုန်းနေတဲ့ချုံထဲကနေ ထွက်လာပြီး "အိုအဆွေယုန်အပေါင်းတို့ ဟောဒီမှာကြည့်လော့။ သင်တို့သူတော်ကောင်းလို့ ထင်နေတဲ့ရသေ့ဟာ ရသေ့အစစ်မဟုတ်ပါဘူး။ ရသေ့ဟန်ဆောင်ထားတဲ့ ရွာထဲက မုဆိုးဖြစ်ပါတယ်"လို့ ပြောလိုက်သတဲ့။ ပညာရှိယုန်ကြီးရဲ့စကားကြားရမှ ယုန်ကလေးတွေ နောက်ကိုလှည့်ကြည့်ကြသတဲ့။ ရသေ့ရှေ့မှာ သေနေတဲ့ယုန်ကလေးတစ်ကောင်ကို မျက်ဝါးထင်ထင်တွေ့လိုက်ရတော့ အံ့အားသင့်သွားကြသတဲ့။ အဲဒီအချိန်မှာပဲ ပညာရှိယုန်ကြီးဟာ ရသေ့ကြီးရဲ့သင်္ကန်းကို ပါးစပ်နဲ့ကိုက်ပြီး ဆွဲခွာချလိုက်သတဲ့။ ဒီတော့မှ ရသေ့ကြီးဟာ အပြင်မှာသင်္ကန်းခြုံထားပြီး အတွင်းမှာ အင်္ကျီနဲ့ပုဆိုးဝတ်ထားတဲ့ရွာထဲက လူသားတစ်ယောက်ဆိုတာ သိလိုက်ရသတဲ့ကွယ်။ ပညာရှိယုန်ကြီးကလဲ နောက်နောင် အကြောင်းမသိတဲ့သူစိမ်းတွေကို လွယ်လွယ်နဲ့မယုံကြဖို့ပြောဆိုဆုံးမပြီး သူတို့ရဲ့ အရင်ရသေ့ကြီးဆီ ပြန်ခေါ်သွားသတဲ့။ ကျောင်းရောက်တော့ ရသေ့ကြီးကိုရှိခိုးဦးချပြီး သူတို့ပြစ်မှားပြောဆိုမိတာတွေကို တောင်းပန်ကြသတဲ့။ အဲဒီနေ့ကစပြီး ယုန်ကလေးတွေဟာ အရင်အတိုင်း ရသေ့ကြီးရဲ့ကျောင်းမှာပဲ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြသတဲ့ကွယ်။

သားတို့၊ သမီးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ သားတို့၊ သမီးတို့လဲ ဒီပုံပြင်လေးကိုဖတ်ပြီး ပုံပြင်ထဲက ယုန်ကလေးတွေလို သူစိမ်းတွေကို လွယ်လွယ်နဲ့မယုံရဘူးဆိုတာ သိလောက်ပြီထင်ပါတယ်ကွယ်။ ဒါကြောင့် အယုံမလွယ်ကြဖို့နဲ့ ပညာရှိတွေရဲ့စကားကို နားထောင်ဖို့၊ ကျေးဇူးရှိသူကို မပြစ်မှားမိဖို့ ဦးဦးတိုက်တွန်းလိုက်ရပါတယ်ကွယ်။

**နိုင်လူမော်(ရွှေဘို)**

## စာအုပ်ကလေး

♦ သားတို့သမီးတို့ ဖတ်စရာ
စာအုပ်လှလှ စိမ်းပြာပြာ။

♦ ကဗျာတေးစုံ ပန်းချီသွေး
ဉာဏ်ရည်ရွှင်မဲ့ စာအုပ်လေး။

♦ အတွေးသစ်လို့ ပြုံးပျော်ရွှင်
ကဗျာတေးသွား ကာရန်လွင်။

♦ ဖတ်ချင်ဖွယ် စာအုပ်ကလေး
သားတို့သမီးတို့ လိမ္မာရေး။ ။



**ကျော်စိုးရှိန်(မြန်မာစာ)**

## ပုစွန်လုံးလေးဥပမာ

♦ လက်မလေးအား ဘယ်ညာထောင်
မျက်လုံးပြူးကြောင်ကြောင်၊
တွေ့ရာရန်စောင် ဘေးတိုက်သွား
ရန်သူမိတ်ဆွေမခွဲခြား။

♦ အပြုံးများနှင့် ဖော်ရွေစွာ
လူတိုင်းဆက်ဆံပါ၊
ကိုယ်အမူရာ ယဉ်ကျေးမှ
လူတိုင်းချစ်ခင်ကြ။
မာန်မာနတွေမထားရ။ ။

**အလင်္ကာ(ပွင့်(**



## ရောင်း/မောင်း ဝန်ထမ်းအလိုရှိသည်

Sein Wut Hmon Co.,Ltd အထက်မြန်မာပြည်တွင် အောက်ဖော်ပြပါရာထူးနေရာအတွက် ဝန်ထမ်းများအလိုရှိပါသည်။

၁။ Sales Rep: (အမျိုးသား-ရောင်းမောင်း) ၁၀ ဦး

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ၊ ယာဉ်မောင်းကျွမ်းကျင်ပြီး လိုင်စင်ရှိသူ ဦးစားပေးမည်။

**လျှောက်ထားလိုသူများသည်**

ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ (၁)လအတွင်းရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်းတို့နှင့်တကွ အောက်ဖော်ပြပါလိပ်စာသို့ လျှောက်လွှာများကို ရယူ၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

Sein Wut Hmon Co.,Ltd

55 Rd. Bet 37 & 38 Rd. Ph : 09-783334861, 09-783334767

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း၊ ၈၃ x ၈၄ လမ်းကြား၊ စံဟိန်းပညာရေးကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4(A) တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းကိုကို၏သမီး မသံစဉ်မင်းကို၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသံဇဉ်မင်းကိုဖြစ်ပါကြောင်း။

မသံဇဉ်မင်းကို

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်နေ ဦးရဲရင့်ကျော်၏သမီး မပန်းမြတ်ဖြူစင် (ခ) မဆုမြတ်သဒ္ဒါသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မပန်းမြတ်ဖြူစင် (ခ) မဆုမြတ်သဒ္ဒါ

## ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ စံပြရပ်ကွက်နေ မအေးချမ်းဆုမြတ်မွန် (ဘ) ဦးမြင့်ဦး(၉/ကပတ(နိုင်)၂၅၈၆၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-763126)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၇၂၈၈၅၀၃

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်(၄၀၂)နေ ဦးခင်မောင်မြင့်၏သား မောင်စံမြင့်အောင်(၉/မဟမ(ပြ)၀၀၀၂၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-877270)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၈၉၈၈၈၁၁၀၄


**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

# ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၃၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၃၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်း ၂၇၇၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၃၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်း ဧက ၂၇၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေရှိပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၉၂၈ ဧက၊ ကနီမြို့နယ်တွင် ဧက၂၄၀၀၊ ပုလဲမြို့နယ်တွင် ၃၀၀၆ ဧက စုစုပေါင်း ၇၃၃၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိပြီး ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောပြ၍ သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် ဘို့လည်(မြစ်နား)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**အောင်လံ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘို့လည်(မြစ်နား) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၁၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း တာဝန်ခံများနှင့်အတူ ဘို့လည်(မြစ်နား)ကျေးရွာ၌ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များ အနေဖြင့် ဆောင်ရွက်ပြီးစီမံကိန်း လုပ်ငန်းများကို ရေရှည်တည်တံ့အောင်ပြုပြင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ဘို့လည်(မြစ်နား) ကျေးရွာ၌ လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၅၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ တို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီး အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၉၂ အိမ်၊ လူဦးရေ ၈၈၉ ဦးတို့ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုလှိုင်

**စာပေမြင့်မှ လူမျိုးတင့်မည်**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်


ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm










## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ဘူတာရပ်၊ အိမ်အမှတ်(၃/၄၂)နေ ဦးဇော်ဌေး(၉/စကတ(နိုင်)၀၇၆၄၂၉)နှင့် ဒေါ်သူသူမာ(၉/စကတ(နိုင်)၀၇၆၅၀၀)တို့၏သားအရင်းဖြစ်သည့် မောင်ဖြိုးသီဟဇော်(၉/စကတ(နိုင်)၁၂၉၀၈၈)သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ၎င်းအား ယနေ့သတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဌေး(၉/စကတ(နိုင်)၀၇၆၄၂၉)**
**ဒေါ်သူသူမာ(၉/စကတ(နိုင်)၀၇၆၅၀၀)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၈)၊ ဆည်ရွာကွင်း၊ ဦးပိုင်အမှတ်(၄၉/၂)၊ ဧရိယာ(၃ ဒသမ ၇၆)ဧက လယ်မြေမျိုးနှင့် ဦးပိုင်အမှတ်(၄၈/၁)၊ ဧရိယာ(၃ ဒသမ ၉၄)ဧက ဥယျာဉ်မြေနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၇) အမည်ပေါက်သူ ဦးသန်းထွေး(၉/မနတ(နိုင်)၀၈၆၄၅၃)လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ကတ်ပြားမူရင်းနှင့် မြေစာရင်းပုံစံ(၁၀၅)မူရင်းတို့မှာ ၎င်း၏လက်ဝယ်တွင် အသိမ်းလွှန်၍ပျောက်ဆုံးသွားပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၇) ဒုတိယမိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် အမည်ပေါက်သူ ဦးသန်းထွေး(၉/မနတ(နိုင်)၀၈၆၄၅၃)၏ အထွေထွေကိုယ်စားလှယ်လွှဲစာ မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၊ စာချုပ်အမှတ်၊ ၃၃၁၁/၂၀၂၁ အရ ဒေါ်မြင့်မာလာဦး(၉/ခအဇ(နိုင်)၀၀၈၄၆၇)မှ လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်၊ စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စဉ့်ကိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်အထက၊ Grade-11(E) မှ မောင်ခန့်ဝေယံထွန်း(၂၄၃၇)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၀-၃-၂၀၀၈ ဖြစ်ပါကြောင်း။

**မောင်ခန့်ဝေယံထွန်း(၁၀-၃-၂၀၀၈)**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ဌေး၏သား မောင်စိုင်းမြင့်မြတ်အောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်စိုင်းမြင့်မြတ်ကျော်ဖြစ်ပါကြောင်း။

**မောင်စိုင်းမြင့်မြတ်ကျော်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မောင်သွင်ထူးနောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းထိုက်စိုးဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်စိုး(၉/ကဆန(နိုင်)၁၁၆၅၆၁)**

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-10 တွင် ပညာသင်ကြားနေသော မငြိမ်းအေးစံ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ကျော်ဆန်း ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဆန်း(၉/စကတ(နိုင်)၀၇၈၆၉၆)**

❖ **ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက် စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက် အလက်များနှင့် ဗဟုသုတများကို ရှာဖွေ လေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည် ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်သော တောင်ညို တပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံကို ဂုဏ်ပြုခံကဇာတ်ရုံအဖြစ်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**MYAWADDY TRADING LIMITED**





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257